# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်၊ သောကြာနေ့ အတွဲ (၆၄)၊ အမှတ် (၀၄၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပူဇော်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ပူဇော်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲတွင် ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးကြစဉ်။




## သာမညဖလသုတ္တန်နှင့် အဇာတသတ်မင်း၏ ဂရုကံ

လတကာတို့တွင် တန်ဆောင်မုန်းလသည် အလှပဆုံး၊ အသာယာဆုံးဟု အဆိုရှိသည်။ "တန်ဆောင်" ဟူသည် မီးရှူး၊ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရ၍ "မုန်း" ဆိုသည်မှာ တောက်ပစေခြင်း၊ ထွန်းညှိခြင်းဟူသော အဓိပ္ပာယ်ရှိသည်ဖြစ်၍ "တန်ဆောင်မုန်း" ဆိုသည်မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးအလင်းရောင်တို့ တောက်ပသောလ ဖြစ်သည်ဟူ၍လည်း ဖွင့်ဆိုသည်။ တစ်နည်းအားဖြင့် အမိုက်မှောင်ကို မီးရှူးတန်ဆောင် အလင်းရောင်ဖြင့် ပယ်ရှားရှင်းလင်းသည့်ကာလလည်း ဖြစ်သည်။

တန်ဆောင်မုန်းလသည် ရှေးမြန်မာနာရီအားဖြင့် နေ့ ၂၈ နာရီ၊ ညဥ့် ၃၂ နာရီရှိရာ နေ့တာတို၍ ညတာရှည်သော လဖြစ်သည်။ ကြတ္တိကာနက္ခတ်သည် လမင်းနှင့်ယှဉ်ကာ ထွန်းလင်းတောက်ပသည့် တန်ဆောင်မုန်းလပြည့်နေ့တွင် ဆေးပင်အပေါင်းကို စောင့်သည့်နတ်တို့ မဲဇလီပင်စောင့်နတ်မင်းကို တညီတညွတ်တည်း လာရောက်ခစားကြရာ မဲဇလီပင်သည် ဆေးပေါင်းခသည့် အပင်ဖြစ်သည်ဟု ရှေးကာလက ယုံကြည်ခဲ့ကြသည်။ မဲဇလီဖူးသုပ်ကို စားရခြင်းအားဖြင့် ရောဂါအမျိုးမျိုးတို့ ကင်းစင်စေသည်ဟုလည်း ရှေးခေတ်ဆေးကျမ်းများတွင် ဖော်ပြခဲ့ကြသည်။ တန်ဆောင်မုန်းလသည် မိုးလေတို့ ကင်းရှင်းအေးမြ၍ သာယာလှပသည့် အခါရာသီဖြစ်သည့်အလျောက် ဘာသာရေးအရ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံအရ ကျင်းပပြုလုပ်သည့် ပွဲလမ်းသဘင်များ အများအပြားရှိသည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလအခါတော်နေ့ ကျင်းပပြီး ကထိန်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲ၊ မီးထွန်းပွဲ၊ မီးပုံးပျံလွှတ်ပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ နိဗ္ဗာန်ဈေးပွဲ၊ ဆွေမျိုးသားချင်း မိတ်ဆွေရင်းတို့အား မဲဇလီဖူးသုပ် ဝေငှပွဲတို့မှာ တန်ဆောင်မုန်းလကို အလှဆင်သည့် ပွဲသဘင်များပင်ဖြစ်သည်။

"အရှင်ဘုရား၊ လောကတွင် အဋ္ဌာရသ ဆယ့်ရှစ်ရပ်စသော အတတ်ပညာတို့သည် မျက်မှောက်လက်ငင်း အကျိုးတရားကို ခံစားရရှိသကဲ့သို့ ရဟန်းပြုခြင်းဖြင့် မျက်မှောက်လက်ငင်း အကျိုးတရားကို ခံစားရရှိနိုင်ပါသလားဘုရား" ဟူသော အဇာတသတ်မင်း၏ လျှောက်ထားမေးမြန်းချက်ကို မြတ်စွာဘုရားရှင်က တန်ဆောင်မုန်းလပြည့်ညတွင် သာမညဖလ သုတ္တန်တရား ဟောကြားပြသခဲ့ခြင်းအား အကြောင်းပြု၍ "သာမညဖလအခါတော်နေ့" ပေါ်ပေါက်လာရခြင်းဖြစ်သည်။ သာမညဖလ၏ အဓိပ္ပာယ်မှာ "ရဟန်းပြုရခြင်း၏ အကျိုး" ဟူ၍ ဖြစ်ပြီး သာမညဖလသုတ်တော်မှာ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ္ဂပါဠိတော်တွင် ပါရှိသည်။ အဇာတသတ်မင်းသည် ဆီးနှင်း မြူ တိမ် သူရိန် မီးခိုး ညစ်မျိုးငါးဝ ကင်းစင်ပသည့် စိတ်နှလုံးကြည်နူးဖွယ် တန်ဆောင်မုန်းလပြည့်ညတွင် သဗ္ဗညုတ ဘုရားရှင်ထံမှ ရဟန်းပြုရခြင်း၏ အကျိုးဟူသော သာမညဖလ သုတ္တန်တရားတော်ကို နာကြားရပြီးသည့်နောက်တွင် ပဉ္စာနန္တရိယကံကြီး ဖိစီးမှုကြောင့် အချိန်နှင့်အမျှ ပူပန်ဆင်းရဲကာ အိပ်မပျော်နိုင်သည့် ရောဂါမှာ လုံးဝရှင်းရှင်း ပျောက်ကင်းသွားခဲ့သည်။ မိမိ၏အပြစ်ကို ဘုရားရှင်ထံမှောက်တွင် ဝန်ချတောင်းပန်ကာ ရတနာသုံးပါးကို နှစ်နှစ်ကာကာ ယုံကြည်ကိုးကွယ်သူ သာသနာ့ဒါယကာ မင်းတစ်ပါးဖြစ်လာခဲ့သည်။ ဗုဒ္ဓမြတ်စွာ ၄၅ ဝါပတ်လုံး ဟောကြားတော်မူခဲ့သည့် တရားတော်များကို စုရုံးမှတ်တမ်းတင်သည့် ပထမသင်္ဂါယနာတင် ဒါယကာမင်းဖြစ်ခဲ့သလို ဘုရားရှင်၏ ဓာတ်တော်များကို စုဆောင်းသိမ်းဆည်း၍ ဓာတ်တော်တိုက်ကြီး တည်ထားခဲ့ခြင်း၊ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည့်နှစ်မှစ၍ သာသနာသက္ကရာဇ်ကို သတ်မှတ်ပေးခဲ့ခြင်း စသည်ဖြင့် ဗုဒ္ဓသာသနာသမိုင်းတွင် မှတ်တမ်းဝင်သည့် ကုသိုလ်တော်များကို ပြုလုပ်ခဲ့သည်။

အဇာတသတ်မင်းသည် အကုသိုလ်ကံများထဲတွင် အလေးဆုံးသော ကံဖြစ်သည့် ဂရုကံ ခေါ် ပဉ္စာနန္တရိယကံကို ကျူးလွန်ခဲ့သူဖြစ်သည်။ အမိကို သတ်ခြင်း၊ အဖကို သတ်ခြင်း၊ ရဟန္တာကို သတ်ခြင်း၊ ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုခြင်း၊ သံဃာကို ကွဲအောင်ပြုခြင်းတို့သည် သေသည်၏ အခြားမဲ့၌ အဝီစိငရဲသို့ ဧကန်ကျရောက်မည့် ဂရုကံများပင်ဖြစ်သည်။ အဇာတသတ်မင်းသည် ဘုရားရှင်ထံမှ သာမညဖလသုတ္တန်တရားတော်ကို နာကြားခွင့်ရခြင်း၊ သာသနာ့ဒါယကာမင်းအဖြစ် ကုသိုလ်အများအပြားပြုခဲ့ခြင်းတို့ကြောင့် မဟာအဝီစိငရဲသို့ မကျရောက်ခဲ့သည့်တိုင်အောင် ငရဲမှ ကင်းလွတ်ခွင့်ကိုမူ မရခဲ့။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့် အနန္တဂိုဏ်းဝင် အမိ၊ အဖ၊ ဆရာတို့အား ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးတို့တွင် တစ်ပါးပါးဖြင့် ကျူးလွန်ခြင်း၏ အပြစ်တို့ကို သာမညဖလအခါတော်နေ့အား အကြောင်းပြု၍ ထောက်ရှုဆင်ခြင်နိုင်ကြပါစေကြောင်း။ ။

## သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး) တို့တွင် ကျောင်းအပ်လက်ခံမည့်ရက်နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက် ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး) တို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ပထမနှစ် (၂၀၂၄ ခုနှစ်အောင်) (ပထမနှစ်ဝက်) သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝက်) သင်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်(ကြာသပတေးနေ့)မှစ၍ ကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက် (ကြာသပတေးနေ့) တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## ပုသိမ်မြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုပညာပေး

**ပုသိမ် နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး အားလုံးပူးပေါင်းပါဝင်ပေး ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပုသိမ်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ နိုဝင်ဘာ ၁၃ ရက်က ပြုလုပ်သည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမာထွန်းနှင့် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိသိင်္ဂီသက်တို့က မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း၊ မီးခိုးမြူငွေ့တွင် ပါဝင်သော လေထုညစ်ညမ်းမှုကိုဖြစ်စေသည့်အရာများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကို လျှော့ချနိုင်မည့်နည်းလမ်းများနှင့် ပတ်သက်၍ အသိပညာပေးကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## တန်ဆောင်ရာသီ ချမ်းမြကြည်

❖ ဖုံးတုန်းလုံးတုန်း၊ တန်ဆောင်မုန်းရာသီတွင်
ကောက်လျှင်ညွတ်တိမ်း၊ ရိတ်သိမ်းချိန်ခါပင်
အဇ္ဈော ကောင်းကင်၊ ကြည်လင်သန့်ရှင်း
'ကြတ္တိကာ' တွင်၊ နက္ခတ်လျှင်
စန်းယှဉ်ထွန်းပလင်းသည်နှင့်လေး။

❖ ခဝဲနံ့သင်း၊ ငွေနှင်းဝေ့ဝဲဖြာ
ကထိန်လှူပွဲ၊ ခြိမ့်သဲမြိုင်ဆိုင်စွာ
တစ်ဝှန်းပြည်ရွာ၊ သာယာကြည်နူး
ရည်မှန်းအာရုံ၊ သံဃာ့ဂုဏ်
လွှမ်းခြုံ အကျိုးထူးသည်တည့်လေး။

❖ သူငါရွှင်မြူး၊ ရင့်ကျူး တေးသံလွင်
ညီညာသောင်းဖြ၊ လှူကြပဒေသာပင်
ပေါင်းစုတူယှဉ်၊ ကြည်လင်သဒ္ဓါညွှန်း
စတုဒိသာ၊ ကျွေးမွေးကာ
ရင်မှာ ပီတိသွန်းသည်နှင့်လေး။

❖ ဆီမီးညှိထွန်း၊ ကြည်ရွှန်းပီတိလှိုင်
မသိုးသင်္ကန်း၊ ရက်ကန်းခတ်သံမြိုင်
သူနိုင်ငါနိုင်၊ ပြိုင်ဆိုင်လက်စွမ်း
ဘုရားကုန်းတော်၊ တူနွဲပျော်
ပူဇော်ကပ်လှူဒါန်းသည်နှင့်လေး။

❖ မီးရှူးမီးပန်း၊ ယှက်သန်းထက်အာကာ
မီးပုံးပျံပွဲ၊ ဆင်နွှဲမြတ်ပူဇာ
လပြည့်ညခါ၊ ရောင်ဝါတင့်လျှမ်း
ညမီးကြီးပျံ၊ စိန်နားပန်
မိုးယံ ရောင်စုံလွှမ်းသည်နှင့်လေး။

❖ ကြည်လင်အေးချမ်း၊ စန်းလသော်တာ ထိန်ဖြာလင်းတော့သည်။
ပြည်တစ်ခွင် ဘေးမသန်း၊ ချမ်းမြပျော်စရာ ချိန်ခါမယွင်းပေါ့အတည်။ ။

**ဇော်မင်းမင်းဦး**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာနိုင်သည်။ **မိုး/ဇလ**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

❂ *ရှေ့ဖုံးမှ*

ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က "ဇယမင်္ဂလာ စာတမ်းလွှာ" ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော်ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်ဧည့်ပရိသတ်များ အနုပညာရှင်များ၏ ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများနှင့်အတူ စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများ ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာရွှေမောင်းကို တီးခတ်၍အချက်ပေးရာ ရက်ကန်းအဖွဲ့များက ရက်ကန်းစင်တော်များ၌ မသိုးရွှေကြာ သင်္ကန်းတော်များကို စတင်ရက်လုပ်ကြသည်။ ထိုသို့ ရက်ကန်းအဖွဲ့များက ရက်ကန်းစတင်ရက်လုပ်သည်နှင့် တစ်ပြိုင်နက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် တေးသီချင်းဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြပြီး အခမ်းအနားတက်ရောက်လာကြသူများက မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်တည်း လွှတ်တင်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များဖြင့်လည်းကောင်း၊ ပြင်ပအနုပညာရှင်များက တေးသီချင်းများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် ဧည့်ပရိသတ်များသည်

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များ ဇာတ်မင်းသား ဖိုးချစ်အဖွဲ့၏ ဇာတ်သဘင်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။








စိန်နားပန်မီးပုံးပျံများနှင့် ညမီးကျည် (ညမီးကြီး) မီးပုံးပျံများ လွှတ်တင်မှုကို တွေ့ရစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ရက်ကန်းစင်တော် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စိန်နားပန်မီးပုံးပျံများနှင့် ညမီးကျည် (ညမီးကြီး) မီးပုံးပျံများလွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။



တိုင်းရင်းသားရိုးရာအကအဖွဲ့များက ပွဲတော်သို့လာရောက်သည့်ဧည့်ပရိသတ်များအား ကပြဖျော်ဖြေမှုကို တွေ့ရစဉ်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချမှုနှင့်အတူ အနုပညာဦးစီးဌာနမှ ဇာတ်တော်ကြီးဖြင့်လည်းကောင်း၊ ဇာတ်မင်းသားဖိုးချစ်အဖွဲ့က ဇာတ်သဘင်ဖျော်ဖြေမှုတို့ကို လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်သဖြင့် အများပြည်သူများ အနေဖြင့် လာရောက်ဖူးမြော် ကြည်ညိုကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၁၆ - ၁၁ - ၂၀၂၄ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၄၆) တွင်** ဝက်ပါပွဲတော် ကျင်းပရခြင်းအကြောင်းကို သိရှိသွားသည့် ပုပုအကြောင်း သရုပ်ဖော်ထားသည့် "တန်ဆောင်တိုင် ဝက်ပါပွဲတော်" မျက်နှာဖုံးကာတွန်း၊ လူ့ခန္ဓာကိုယ်တွင် ကျောက်ကပ်၏ အရေးပါပုံအကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "ကျောက်ကပ်ကျန်းမာရေးအကြောင်း သိမှတ်ဖွယ်ရာ" သုတဆောင်းပါးကဏ္ဍ၊ တန်ဆောင်တိုင်လပြည့်နေ့တွင် သူငယ်ချင်းအတွက် အမှတ်တရပြုဖြစ်သော ကုသိုလ်အတွက် ပီတိပွားမိသည့် ပန်ပန်အကြောင်း သရုပ်ဖော်ထားသည့် "ပန်ပန်၏ ပုံသကူ"




နှစ်မျက်နှာကာတွန်း၊ လောင်းကစားလုပ်သည်ဆိုသည်မှာ မကောင်းကြောင်း သိရှိသွားသည့် မောင်ညွန့်နှင့် အောင်မြင့်တို့အကြောင်း ရေးသားထားသည့် "လောင်းကစား" ဝတ္ထုကဏ္ဍ၊ မေမေက နှိုးလိုက်သည့်အတွက် အိပ်မက်ထဲတွင် ဂိုးမသွင်းလိုက်ရသည့် ဖိုးထူးအကြောင်း သရုပ်ဖော်ထားသည့် "ဟောတော့" တစ်မျက်နှာကာတွန်း၊ မိဘဆီမှ အမွေရထားသည့် အသပြာကို ကောင်းစွာ အသုံးမချနိုင်သဖြင့် အသပြာများ ဆုံးရှုံးရပုံအကြောင်း ရေးသားထားသည့် "လေထဲတိုက်အိမ်ဆောက်သူ" ပုံပြင်ကဏ္ဍ၊ ဘုန်းဆင့်သူ သိချင်သည့် ယဉ်ကျေးလိမ္မာသည့်စိတ်ထားအကြောင်းကို အဘိုးက ပြောပြထားသည်ကို သရုပ်ဖော်ထားသည့် "ယဉ်ကျေးလိမ္မာကြရအောင်" နှစ်မျက်နှာကာတွန်း၊ တန်ဆောင်တိုင်လတွင် ဆီမီးများထွန်းကြပုံ၊ မသိုးသင်္ကန်းများ ကပ်လှူပွဲနှင့် ဘုံကထိန်ပွဲများ ပျော်ရွှင်စွာ ကျင်းပကြပုံအကြောင်း ရေးသားထားသည့် "လတန်ဆောင်မုန်း" ကဗျာကဏ္ဍ၊ ဖုန်းကို အကြာကြီးသုံးမိလျှင် မျက်စိထိခိုက်စေနိုင်သည့် အကြောင်း ဖိုးတစ်တိုကို သူ့အဖေက ပြောပြထားသည့် အကြောင်း သရုပ်ဖော်ထားသည့် "ဖိုးတစ်တို" မျက်နှာဝက်ကာတွန်း၊ ပုံပြင်ကဏ္ဍ၊ အင်္ဂလိပ်စာကဏ္ဍနှင့် ဉာဏ်စမ်းကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။ **သတင်းစဉ်**

## စဉ့်ကိုင်၌ စမ်းဝတီကွန်ပေါင်းဓာတ်မြေဩဇာနှင့် နေကြာစိုက်ပျိုးရေး အသိပညာပေးဟောပြော

**စဉ့်ကိုင် နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ စမ်းဝတီကွန်ပေါင်းဓာတ်မြေဩဇာနှင့် နေကြာစိုက်ပျိုးရေး သိကောင်းစရာအကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးက အမှာစကားပြောကြားပြီး စမ်းဝတီ ကွန်ပေါင်းဓာတ်မြေဩဇာထုတ်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးမျိုးထက်ဝင်းက ကွန်ပေါင်းဓာတ်မြေဩဇာထုတ်လုပ်ရခြင်း ရည်ရွယ်ချက်များကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်ကိုကိုက နေကြာအထွက်တိုးစိုက်ပျိုးရေးနည်းပညာ ဆွေးနွေးကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော် ဒုတိယနေ့ဆက်လက်ကျင်းပ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြား



**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးတွင် ယနေ့ တန်ဆောင်တိုင်မီးထွန်းပွဲတော် ဒုတိယနေ့ကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ပါဝင်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားသည်။**(ယာပုံ၊ အောက်ပုံ)**

**လမ်းညွှန်ပြသပေး**

ဦးစွာ တာဝန်ရှိသူများက တန်ဆောင်တိုင် မီးထွန်းပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့်



စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာများ၊ မသိုးသင်္ကန်းရက်လုပ်သည့်နေရာများ၊ ဈေးပွဲတော်နေရာများနှင့် အခြားသွားရောက်လေ့လာနိုင်မည့်နေရာများကို အလွယ်တကူသွားရောက်နိုင်ရေးအတွက် လမ်းညွှန်ပြသပေးကြသည်။

ထို့နောက် တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီးကပ်လှူပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း မြတ်စွာဘုရားရှင်၏တရားဓမ္မသံများ စိတ်ကြည်နူးဖွယ်ရာ ဖုံးလွှမ်းလျက်ရှိသည်။

**သင်္ကန်းရက်လုပ်နေမှုကြည့်ရှု**

တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလအတွင်း ကုသိုလ်ထူးရရှိနိုင်ရေး အစီအစဉ်တစ်ခုအဖြစ် တန်ဆောင်မုန်းလပြည့်နေ့၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးသင်္ကန်း ကပ်လှူပူဇော်သွားမည်ဖြစ်သည့်အတွက် ယနေ့ ညနေပိုင်းမှစတင်၍ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရက်ကန်းအဖွဲ့ ၁၅ ဖွဲ့တို့က မသိုးသင်္ကန်းကို အားကြိုးမာန်တက် စတင်ရက်လုပ်ယှဉ်ပြိုင်နေကြရာ အဆိုပါ ရက်ကန်းရက်လုပ်နေမှုကို အားပေးလေ့လာကြည့်ရှုကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း စည်ကားလျက်ရှိသည်။

**မီးပုံးပျံလွှတ်တင်ပူဇော်**

ထို့ပြင် မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်၍ ပူဇော်ခြင်းကုသိုလ်ထူးကို ခံစားနိုင်စေရန်အတွက် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင် ပူဇော်ခြင်းပြိုင်ပွဲများကို စီစဉ်ဆောင်ရွက်ထားရှိသည့် အတွက်ကြောင့်လည်း ပြိုင်ပွဲမစတင်မီ အစောပိုင်းကပင်

*စာမျက်နှာ ၇ သို့*



ဘုရားဖူးလာပြည်သူများ ဆီမီးထွန်းညှိပူဇော်မှုကို တွေ့ရစဉ်။



ကလေးကစားကွင်း၌ ကလေးငယ်များ ပျော်ရွှင်စွာကစားနေကြသည်ကို တွေ့ရစဉ်။





မြတ်စွာဘုရားရှင်အား ရည်မှန်း၍ မီးပုံးပျံလွှတ်တင်ပူဇော်မှုနှင့် ကြည့်ရှုအားပေးသည့် ဘုရားဖူးလာပရိသတ်များကို စည်စည်ကားကားတွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

ဘုရားပရိဝုဏ်အတွင်း အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး တိုင်းရင်းသားရိုးရာ အက အလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများဖြင့် တွဲဖက်၍ အလှမီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်း၊ မီးပုံးပျံအသေးများ၊ ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်းဖြင့်လည်း နေပြည်တော် တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

**ဖူးမြော်ကြည်ညို**

အလားတူ ဗုဒ္ဓဥယျာဉ်ဝင်္ကပါကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကို လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင်တစ်ကြိမ်သာ ကြုံတွေ့ရမည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ ကျောက်စာရုံ စေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋီတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယ ကျောင်းတော်နှင့် အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုလေ့လာကြသည့် ဘုရားဖူးလာပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌လည်း မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေရေး အစီအစဉ်ကောင်းများ အဖြစ် တေးသံရှင်များ၏ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းကောင်းများ၊ လူကြီး၊ လူငယ်အကြိုက် ခေတ်ဟောင်းနှင့် ခေတ်ပေါ် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုအပြင် ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုအဖြစ် မြန်မာနိုင်ငံသဘင်အစည်းအရုံး၏ စီစဉ်မှုဖြင့် ဇာတ်မင်းသား ဖိုးချစ်တို့အဖွဲ့နှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ယိမ်းအက အလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ လာရောက်အားပေးနားဆင်ကြည့်ရှုကြသည့် အနုသုခုမ ဝါသနာရှင်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

**အရောင်းဆိုင်များစည်ကား**

အလားတူဘုရားဖူးလာပြည်သူများ ဒေသထွက်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရိုးရာ အစားအစာအရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များအား ချစ်ခင်မြတ်နိုးစွာဖြင့် ဝယ်ယူအားပေးကြရာ ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

**အထူးစည်ကားလျက်ရှိ**

ထို့ပြင် ဘုရားဖူးလာကလေးငယ်များအတွက်လည်း ကလေးကစားကွင်း ထားရှိပေးထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့်ကစားနေကြသည့် ကလေးငယ်များဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။



ဘုရားဖူးလာပြည်သူများအတွက် စိတ်အပန်းဖြေစေရန် ဆပ်ကပ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးသူများအား တွေ့ရစဉ်။

**ကျန်းမာရေးစောင့်ရှောက်မှုပေး**

တန်ဆောင်တိုင် မီးထွန်းပွဲတော်လာ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ဘုရားပရိဝုဏ်အတွင်း စနစ်တကျ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၅ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင်လည်း စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပသွားမည်ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်ည၏ ရသကို အပြည့်အဝခံစားနိုင်မည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**



ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုအဖြစ် မြန်မာနိုင်ငံသဘင်အစည်းအရုံး၏စီစဉ်မှုဖြင့် ဇာတ်မင်းသားဖိုးချစ်တို့အဖွဲ့ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည့် ပရိသတ်များအား စည်စည်ကားကားတွေ့ရစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ်အကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ ဒုတိယဝန်ကြီးချုပ်များဦးဆောင်သည့် ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပုသိမ်မြို့ ချောင်းသာကမ်းခြေ၌ ရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ချောင်းသာကမ်းခြေ၌ လှည့်လည်ကြည့်ရှု အနားယူအပန်းဖြေကြပြီး ချောင်းသာမြို့အဝင်၌ ရုရှား - မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေပင်ကို မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E.Mr.Iskander Azizov နှင့်အတူ စိုက်ပျိုးပေးကြသည်။

ဘုရားတီးရား ပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပုသိမ်လေဆိပ်မှတစ်ဆင့် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့ ဦးဆောင်သော ပြည်ထောင်စု ဝန်ကြီးများသည် ဘုရားတီးရားပြည်နယ် အကြီးအကဲနှင့် အဖွဲ့အား နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လေကြောင်းခရီးသွားလာမှုနှင့် ပြည်သူအချင်းချင်း ဆက်ဆံမှုတိုးမြှင့်ရေးအပါအဝင် ဘဏ်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု၊ သာသနာရေးနှင့်ယဉ်ကျေးမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စက်မှု၊ စီးပွားရေး၊ ကျန်းမာရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ပညာရေးစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr.Alexey Sambuevich Tsydenov နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးလိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်များနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနများမှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဘုရားတီးရားပြည်နယ်အကြီးအကဲနှင့် အဖွဲ့အား Aureum Palace Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဘုရားတီးရားပြည်နယ်အကြီးအကဲနှင့် အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် မြတ်ကြီးအား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်၍ အလှူငွေများ လှူဒါန်းကြကာ ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများ ကျွေးမွေးခဲ့ကြသည်။

**သတင်းစဉ်**





ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr.Alexey Sambuevich Tsydenov ချောင်းသာမြို့အဝင်၌ ရုရှား - မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးစဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr.Alexey Sambuevich Tsydenov နှင့်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ်အကြီးအကဲ H.E.Mr.Alexey Sambuevich Tsydenov ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများ ကျွေးမွေးစဉ်။

# Naypyitaw State Academy မှ ဥပဒေအထူးပြု ကျောင်းသားများအတွက် ဥပဒေပညာရပ်ဆိုင်ရာလက်တွေ့သင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်း





နေပြည်တော် နိုဝင်ဘာ ၁၄

**Naypyitaw State Academy မှ ဥပဒေအထူးပြုကျောင်းသားများ ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်းအမှတ်စဉ် (၁) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**သင်ကြားပို့ချ**

သင်တန်းဆင်းပွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက သင်တန်းတွင် Naypyitaw State Academy မှ ဥပဒေအထူးပြု ကျောင်းသားများကို ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးနှင့်ဦးစီးဌာနလေးခုတို့၏ လက်တွေ့လုပ်ငန်းများကို ရက်သတ္တခြောက်ပတ်ကြာ သင်ကြားပို့ချပေးခဲ့ပါကြောင်း။

**အထောက်အကူပြုမည်**

ထို့ပြင် ဥပဒေရေးရာဝန်ကြီးဌာနနှင့် လုပ်ငန်းသဘာဝအရ ဆက်စပ်ဆောင်ရွက်ရသည့် အဖွဲ့အစည်းများဖြစ်သည့်ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ခရိုင်နှင့် မြို့နယ်တရားရုံးများ၊ အမျိုးသားစာကြည့်တိုက်၊ ဥပဒေရေးရာဝန်ကြီးဌာနစာကြည့်တိုက်၊ နေပြည်တော် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်း တို့ကိုလည်း လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး သင်တန်းမှ ရရှိမည့် အတွေ့အကြုံများသည် တက္ကသိုလ်မှ ဘွဲ့ရပြီးပါက ဥပဒေပညာရှင်အဖြစ် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်သည့်အခါ များစွာ အထောက်အကူပြုမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

**တက်ရောက်**

သင်တန်းဆင်းပွဲသို့ ဝန်ကြီးဌာနနှင့် Naypyitaw State Academy မှ တာဝန်ရှိသူများ၊ ဥပဒေအထူးပြု ကျောင်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆီးချိုသွေးချိုရောဂါအန္တရာယ်ကို တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် ကျန်းမာရေးပြဿနာအဖြစ် အလေးထား ရောဂါကာကွယ်ကုသခြင်းနှင့် ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆေးပညာရှင်များနှင့် ပြည်သူလူထုစုပေါင်းအားဖြင့် ပိုမိုတိုးမြှင့်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၄**

(၂၀၂၄)ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရောဂါကာကွယ် ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း Theater ခန်းမ၌ ကျင်းပသည်။

**အသိပညာပေး**

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ဆီးချိုသွေးချိုရောဂါသည် အရွယ်မတိုင်မီသေဆုံးမှု(Premature Death) ကို ဖြစ်စေသည့် အဓိက အကြောင်းရင်းတစ်ရပ်ဖြစ်ပြီး ကမ္ဘာပေါ်တွင် လူ ၁၀ ဦးလျှင် တစ်ဦးခန့်တွင် ဆီးချိုသွေးချိုဖြစ်ပွားနေကြောင်းနှင့် နောင်လာမည့် ဆယ်စုနှစ်များအတွင်း ဆီးချိုသွေးချိုဖြစ်ပွားနှုန်း ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်းကို အပြည်ပြည်ဆိုင်ရာ ဆီးချိုအဖွဲ့ချုပ် (IDF)၏ အချက်အလက်များ အရသိရှိရကြောင်း၊ ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်မှာ "Empowering Global Health" ဖြစ်ပြီး "အားလုံးသက်ရှည်ကျန်းမာဖို့ ဆီးချိုရောဂါကာကွယ်ထိန်းသိမ်းလို့ ပူးပေါင်းလက်တွဲဆောင်ရွက်စို့"ဟု မြန်မာဘာသာပြန်ဆိုထားပြီး ဆီးချိုသွေးချို ရောဂါအန္တရာယ်ကို တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ကျန်းမာရေး ပြဿနာအဖြစ် အလေးထားပြီး ရောဂါကာကွယ်ကုသခြင်းနှင့် ရောဂါထိန်းချုပ်ခြင်းဆိုင်ရာ အခြေခံအရေးကြီးသည့် အချက်များကို ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထုကို အသိပညာပေးရန်၊ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆေးပညာရှင်များနှင့် ပြည်သူလူထုစုပေါင်းအားဖြင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းလိုခြင်းဖြစ်ကြောင်း။

**ကျန်းမာရေးစောင့်ရှောက်မှုပေး**

ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသမှ ပြည်သူများ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီစေရေးအတွက် ကျေးလက်ကျန်းမာရေးဌာနများတွင် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးခန်းများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိပြီး ကုသမှုအတွက် လိုအပ်သော အခြေခံဆေးများနှင့် ဆေးပစ္စည်းများကို ဝယ်ယူပံ့ပိုးပေးလျက်ရှိပါကြောင်း၊ လက်ရှိတွင် ဆေးခန်း ၇၅၁၆ ခု ဖွင့်လှစ်ထားရှိကြောင်း၊ ဆီးချိုသွေးချိုရောဂါ ဝေဒနာရှင် ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသည့် ကုသမှုရရှိစေပြီး နောက်ဆက်တွဲရောဂါဝေဒနာများ ခံစားရခြင်းမှ ကာကွယ်နိုင်ရန်နှင့် ဆီးချို သွေးချိုရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများ မြင့်မားစေရန်အတွက် ဆီးချို သွေးချိုပညာပေးကုသဌာန (Center of Excellence for Diabetes) များကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ ဆေးရုံကြီးလေးခုနှင့် မကွေးပြည်သူ့ဆေးရုံကြီး တို့တွင် ဖွင့်လှစ်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

**လှည့်လည်ကြည့်ရှု**

ယင်းနောက် (၂၀၂၄) ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဗီဒီယိုပြသပြီး ပြည်ထောင်စုဝန်ကြီးက အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ ဟော်မုန်းရောဂါအထူးကုဆေးပညာရှင်အဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။

ကမ္ဘာ့ဆီးချိုသွေးချို ရောဂါကာကွယ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အစီအစဉ်တစ်ရပ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဆီးချိုသွေးချိုဝေဒနာရှင် ဝန်ထမ်းများ ကျန်းမာရေး စစ်ဆေးပေးခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင် - ၁၀၀၀)ရှိ ဆီးချို သွေးချိုပညာပေးကုသဌာန၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ရာတွင် အရည်အချင်းရှိသည့် အားကစားသမားများကို ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန်ရွေးချယ်ပေးရန် လိုအပ်



**နေပြည်တော် နိုဝင်ဘာ ၁၄**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ၊ ခုံသမာဓိ ဆပ်ကော်မတီနှင့် မျိုးဆက်သစ် အားကစားသမားများ ရွေးချယ်ရေး ဆပ်ကော်မတီ အဖွဲ့ဝင်များ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ် ဆပ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက အားကစားပြိုင်ပွဲများကို အဆင့်မီမီဖြင့် စနစ်တကျကျင်းပနိုင်ရေးနှင့် မျိုးဆက်သစ် အားကစားသမားများကို စနစ်တကျ စိစစ်ကြပ်မတ်ရွေးချယ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မျိုးဆက်သစ် အားကစားသမားများ ရွေးချယ်ရာတွင် အမှန်တကယ် အရည်အချင်းရှိသည့် အားကစားသမားများကို ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန် စိစစ်ကြပ်မတ်၍ ရွေးချယ်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ အတွင်းရေးမှူး၊ ခုံသမာဓိ ဆပ်ကော်မတီနှင့် မျိုးဆက်သစ် အားကစားသမားများ ရွေးချယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေး ဆုံးဖြတ်ချက်ပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ရှင်းလင်းပြီး မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ထူးမြတ်သည့် လတန်ဆောင်တိုင်နှင့် ကထိန်အလှူပွဲတော်

ပန်းမြတ်ချယ်

**မြန်မာနိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲသဲစည်ကားလှသည့် အခါသမယဖြစ်သည့် တန်ဆောင်မုန်းလသည် မြန်မာ ၁၂ လရာသီတွင် အဋ္ဌမမြောက်လဖြစ်ပြီး ထင်ရှားသော ပွဲတော်တစ်ခုမှာ ကထိန်သင်္ကန်းကပ်လှူသည့် ကထိန်ပွဲများကျင်းပခြင်းဖြစ်သည်။ တန်ဆောင်မုန်းလတွင် ကြတ္တိကာနက္ခတ်နှင့်ကြယ်တာရာတို့သည် လနှင့်ယှဉ်ကာ ထွန်းလင်းကြပြီး ရာသီအားဖြင့် ဗြိစ္ဆာဟုခေါ်သည်။ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ ရာသီရုပ်မှာ ကင်းမြီးကောက်ရုပ်ဖြစ်သည်။**

တန်ဆောင်မုန်းကို တန်ဆောင်မှုန်းဟု ပုဂံခေတ်ကျောက်စာတို့တွင် ရေးထိုးခဲ့ရာမှ အင်းဝခေတ်သို့ ရောက်သောအခါ ယနေ့ရေးနည်းအတိုင်း ရေးသားထားသည်ကို တွေ့ရသည်။ တန်ဆောင်မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရပြီး မှုန်း၏ အနက်ဖွင့်ဆိုချက်များမှ "တောက်ပစေသည်" ဟူသော အနက်ကိုယူ၍ ဆီမီးတောက်ပစေသောလ၊ ဆီမီးထွန်းညှိသောလဖြစ်ပေသည်။



တန်ဆောင်မုန်းလအကြောင်းကို **"တန်ဆောင်မုန်း ဗြိစ္ဆာ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လို့ဖြိုး၊ ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရွှေအိမ်ပိုင်လည်စိုး"**ဟု ကင်းဝန်မင်းကြီးက သံပေါက်လင်္ကာဖြင့် ဖွဲ့ဆိုခဲ့သည်။ မြန်မာနိုင်ငံတွင် တန်ဆောင်မုန်းလ၌ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲ၊ ဆီမီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်၊ နိဗ္ဗာန်ဈေးပွဲတော်များကို ကျင်းပလေ့ရှိကြသည်။

## လှူဖွယ်ဝတ္ထုများစုံလင်စွာအလှဆင်

တန်ဆောင်တိုင်ပွဲကို ဗုဒ္ဓဘာသာမြန်မာရှေးမင်းအဆက်ဆက်တို့သည် ပွဲတော်အချိန်အခါတွင် မင်းညီမင်းသား၊ မင်းဆွေမင်းမျိုး၊ ထီးရံနန်းရံ၊ မှူးကြီးမတ်ရာ၊ သေနာပတိ၊ မင်းမိဖုရားတို့နှင့် တူရိယာမျိုးစုံ တီးမှုတ်လျက် ထီးစဉ်နန်းဆက် **"မဟာအသဒိသအတုလသဘင်"** ပွဲကြီးဆင်ယင်၍ လှူဒါန်းကြသည်။ ယခုခေတ်ကာလတွင်မူ တန်ဆောင်တိုင်ပွဲတော်ကို ဘုံကထိန်အဖြစ် စုပေါင်းလှူဒါန်းကြပြီး ထိုဘုံကထိန်အတွက် မိမိတို့တတ်အားသမျှ လှူဖွယ်ပစ္စည်းများကို ပဒေသာပင်များဆင်ယင်၍ မဲကျရာဘုန်းတော်ကြီးကျောင်းတိုက်သို့ လှူဒါန်းကြသည်။ ပဒေသာပင်များတွင် ဝတ္ထုငွေများကို ဗုဒ္ဓဘုရား၏ပုံတော်များ၊ ဘုရားစေတီတော်ပုံများ၊ ဘုံပြာသာဒ်များ၊ ရဟန်းတို့အသုံးပြုသည့် ပရိက္ခရာရှစ်ပါးပစ္စည်းများ၊ ဘုန်းတော်ကြီးကျောင်းအတွင်း လိုအပ်မည့်လှူဖွယ်ဝတ္ထုများကို စုံလင်စွာအလှဆင်၍ မြို့လယ်လမ်းမများတွင် ခင်းကျင်းပြသထားသည်မှာ မြင်ရသူအဖို့ စိတ်နှလုံးအေးချမ်းကြည်နူးစေပါသည်။

ထိုဘုံကထိန်လှည့်သည့်နေ့တွင် ပဒေသာပင်များကို တောရွာဒေသများတွင် လူပျိုကာလသားများက ထမ်းပိုး၍အိုးစည်၊ ဒိုးပတ်များအစုံအလင်ဖြင့် ရွာတစ်ပတ်လှည့်လည်ကာ ဘုန်းကြီးကျောင်းသို့ ပေးပို့လှူဒါန်းကြပါသည်။ မြို့ကြီးပြကြီးများတွင်မူ ပဒေသာပင်များကို မော်တော်ကားများပေါ် အလှဆင်၍ မြို့လယ်လမ်းမတစ်လျှောက် အိုးစည်၊ ဒိုးပတ်များ သံစုံတီးဝိုင်း၊ ဆင်က၊ မြင်းက အလှအပများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ပျော်ရွှင်မြူးထူးစွာ လှည့်လည်ကြပါသည်။ ကထိန်ပွဲကို ဈေးကထိန်၊ ကျောင်းပေါင်းစုံကထိန်၊ ရပ်ကွက်ကထိန်၊ ဝန်ကြီးဌာနကထိန် စသဖြင့် ကျင်းပကြပြီး လှူဖွယ်ပစ္စည်းများမှာလည်း စုံလင်လှသည်။ ကထိန်ပွဲမှာ တောရောမြို့ပါမကျန် ပျော်ရွှင်စွာ ဆင်နွှဲကျင်းပကြသည့် အလှူပွဲတစ်မျိုးဖြစ်သည်။

## မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်း

မြန်မာလူမျိုးဗုဒ္ဓဘာသာဝင်တို့သည် **"ဘုရားမှာစိန်၊ ကျောင်းမှာ သိမ်၊ သင်္ကန်းမှာ ကထိန်"** ဟူ၍ ဆိုရိုးပြုကာ **"ကထိန်သင်္ကန်း ကပ်လှူခြင်း"** ကို အထွတ်အမြတ်ထားလေ့ရှိကြပြီး**"ကထိန်"** ဟူသော ဝေါဟာရသည် ပါဠိဘာသာစကား **"ကထိန"**မှ ဆင်းသက်လာပြီး **"မြဲမြံခိုင်ခံ့ခြင်း"** ဟူသော အနက်ရှိသည်။ မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းပွဲသည် မြတ်စွာဘုရားလက်ထက်တော်ကတည်းကပင်ရှိခဲ့သည်။ မိထွေးတော်ဂေါတမီအမှူးပြုသည့် နန်းတွင်းသူများသည် ဝါဂွမ်းမှအစ ချည်ငင်၊ ဆေးဆိုး၊ ရက်ကန်းစင်တွင် ရက်လုပ်၊ သင်္ကန်းချုပ်ခြင်းလုပ်ငန်းတို့ကို ညတွင်းချင်းအပြီး ဆောင်ရွက်ခဲ့ကြသည်။

နံနက်ငါးနာရီမထိုးမီ မြတ်ဗုဒ္ဓအား မသိုးသင်္ကန်း (ကထိန်သင်္ကန်း) ဆက်ကပ်လှူဒါန်းနိုင်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထိုအလေ့အထသည် မျက်မှောက်ကာလအထိ ဆက်လက်ရှင်သန်နေဆဲပင်ဖြစ်သည်။ နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်၊ စွယ်တော်မြတ်စေတီအပါအဝင် တန်ခိုးကြီးဘုရားများတွင် မြတ်စွာဘုရားအတွက် မသိုးသင်္ကန်းရက်လုပ်လှူဒါန်းကြရန် ရက်ကန်းစင်များဖြင့် ပြည့်လျက်ရှိပါသည်။ နေ့ကူးသွားလျှင် ရက်လုပ်ထားသော ထိုသင်္ကန်းကို မသိုးသင်္ကန်းဟု မခေါ်ဆိုနိုင်တော့ပေ။ ထို့ကြောင့် ရက်ကန်းရက်လုပ်ကြသည့် လုပျိုဖြူလေးများသည် ချွေးတလုံးလုံးဖြင့် တစ်ညလုံး မမောမပန်း ရက်လုပ်ကြရသည်။

ဘုရားရှင်လက်ထက်တော်အခါက တန်ဆောင်မုန်းလပြည့်နေ့ညတွင် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်း၏ လျှောက်ထားချက်အရ **"သာမညဖလသုတ်တော်"** ဟူသော "ရဟန်းပြုလုပ်ရခြင်း၏အကျိုးကျေးဇူး" ကို ထုတ်ဖော်ဟောကြားတော်မူသဖြင့် "သံဃာတော်များနေ့" ဟူ၍လည်းကောင်း၊ "သာမညဖလအခါတော်နေ့"ဟူ၍လည်းကောင်း သတ်မှတ်ကျင်းပကြပါသည်။

## သာမညဖလအခါတော်နေ့အဖြစ်သတ်မှတ်

သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားရှင်သည် တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်းကြီးကို သာမညဖလသုတ္တန်ဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။ အဇာတသတ်မင်းသည် ထိုသုတ္တန်ဒေသနာတော်ကို နာကြားရပြီးနောက် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည့် ဥပာသကာအဖြစ်သို့ ရောက်ရှိခဲ့သည်။ ထိုအခါ ဖခင်ဘုရင် ဗိမ္ဗိသာရမင်းကြီးအပေါ် ကျူးလွန်ခဲ့သည့် ပြစ်မှုများကြောင့် အိပ်မပျော်စားမဝင်ဖြစ်နေသော အဇာတသတ်မင်းသား၏ ရောဂါဝေဒနာများ ချုပ်ငြိမ်းသွားခြင်း၊ မြတ်စွာဘုရားရှင်၏ သာသနာတော်ကို အသက်ပေးကြည်ညိုသူဖြစ်လာခြင်း၊ မဟာအဝီစိငရဲသို့ မကျရောက်တော့ဘဲ လောဟကုမ္ဘီငရဲ၌သာကျရောက်ပြီး နောင်အခါ ဝိဇိတာဝီအမည်ဖြင့် ပစ္စေကဗုဒ္ဓါဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရမည့်ပုဂ္ဂိုလ်ဖြစ်ခြင်း စသည့် အကျိုးတရားများ ခံစားရသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် သတ်မှတ်ကျင်းပလာခြင်းဖြစ်သည်။

❑ ဖခင်ဘုရင် ဗိမ္ဗိသာရမင်းကြီးအပေါ် ကျူးလွန်ခဲ့သည့် ပြစ်မှုများကြောင့် အိပ်မပျော်စားမဝင်ဖြစ်နေသော အဇာတသတ်မင်းသား၏ ရောဂါဝေဒနာများ ချုပ်ငြိမ်းသွားခြင်း၊ မြတ်စွာဘုရားရှင်၏ သာသနာတော်ကို အသက်ပေးကြည်ညိုသူဖြစ်လာခြင်း၊ မဟာအဝီစိငရဲသို့မကျရောက်တော့ဘဲ လောဟကုမ္ဘီငရဲ၌သာ ကျရောက်ပြီး နောင်အခါ ဝိဇိတာဝီအမည်ဖြင့် ပစ္စေကဗုဒ္ဓါဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရမည့်ပုဂ္ဂိုလ်ဖြစ်ခြင်း စသည့် အကျိုးတရားများ ခံစားရသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် သတ်မှတ်ကျင်းပ

တန်ဆောင်မုန်းလ၏ မိုးလေကင်းလွတ်သော ညချမ်းတွင် မြတ်ဗုဒ္ဓကိုရည်မှန်းကာ မီးပုံးပျံပွဲများ၊ မီးရှူးမီးပန်း ပစ်ဖောက်ပူဇော်ခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။ သာဓကအနေဖြင့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် မြတ်ဗုဒ္ဓအား ရည်မှန်းကာ မီးပုံးပျံများပုံစံအမျိုးမျိုးပြုလုပ်၍ လွှတ်တင်ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြပြီး မိမိတို့နေအိမ်များတွင်လည်း မြတ်စွာဘုရားအား ရည်မှန်းပြီး ဆီမီးပူဇော်လှူဒါန်းကြပါသည်။

## တန်ဆောင်မုန်းလပြည့် ဆေးပေါင်းခသည့်ည

ကြတ္တိကာနက္ခတ်စန်းယှဉ်သော တန်ဆောင်မုန်းလပြည့်ည၌ ဆေးပင်စောင့်နတ်အပေါင်းတို့သည် မဲဇလီပင်စောင့်နတ်အား လာရောက်ခစားကြသည်ဟုဆိုသည်။ ထို့ကြောင့် မဲဇလီပင်သည် ဆေးပေါင်းခသည်ဟုလည်း ယုံကြည်ယူဆလျက် မဲဇလီဖူးသုပ်ကာ ဝေငှအလှူအတန်းပြုကြသည်။ တစ်အိမ်နှင့်တစ်အိမ် အပြန်အလှန် ဝေငှစားသောက်ကြသည်မှာ မြန်မာတို့၏ ချစ်စရာဓလေ့ပင်ဖြစ်သည်။ ထို့အပြင် တန်ဆောင်မုန်းလပြည့် ည ၁၂ နာရီ တိတိအချိန်ကို ဆေးပေါင်းခသည့်ည၏အစွမ်းထက်ဆုံး၊ အမြင့်မားဆုံးအချိန်အဖြစ် သတ်မှတ်ကာ မြန်မာတိုင်းရင်းဆေးဆရာကြီးများသည် ဆေးဝါးမျိုးစုံဖော်စပ်လေ့ရှိကြသည်ဟု ဆိုသည်။

မြန်မာတိုင်းရင်းသားများသည် တန်ဆောင်မုန်းလပြည့်ညတွင် ပံ့သကူပစ်ပွဲအလှူဒါနများကိုလည်း ပြုလုပ်ကြသည်။ ပံ့သကူဟူသော ဝေါဟာရသည် ပါဠိဘာသာ "ပံ့သကူလ" မှ ဆင်းသက်လာခြင်းဖြစ်သည်ဟုဆိုသည်။ အနီးစပ်ဆုံးအဓိပ္ပာယ်သည် ပိုင်ရှင်မဲ့ပစ္စည်းဖြစ်ပြီး တွေ့ရှိသူက အလိုရှိသလို သုံးစွဲနိုင်သောပစ္စည်းဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။ ပံ့သကူပစ်ခြင်းသည် ပစ္စည်းဥစ္စာပြည့်စုံသူများက ချို့တဲ့သူများ၊ မပြည့်စုံသူများအတွက်ရည်ရွယ်ကာ ပုဂ္ဂိုလ်စွဲမထားဘဲ လိုအပ်သလို အသုံးပြုနိုင်စေရန် လှူဒါန်းခြင်းပင်ဖြစ်ပေသည်။

၁၂ လ ရာသီတွင် တန်ဆောင်မုန်းလသည် မိုးတွင်းကာလ ကုန်ဆုံးသည့်အချိန်ဖြစ်၍ **"မိုးလအဆုံး တန်ဆောင်မုန်း"** ဟူ၍ ဆိုလေ့ရှိကြသကဲ့သို့ လယ်ယာစိုက်ခင်းများတွင် စပါးကောက်နှံများ၏ စပါးသင်းရနံ့တို့မှာလည်း သင်းပျံ့မွှေးကြိုင်နေသည်ကို မြင်တွေ့ရသဖြင့် တောင်သူလယ်သမားများ ရွှင်မြူးပြုံးပျော်ကြသည့်အတွက် **"တောင်သူရွှင်ပြုံး တန်ဆောင်မုန်း"**ဟု ဆိုကြသည်။ ထို့ပြင် အသီးအနှံများသည်လည်း ဆီးနှင်းတို့၏ အစိုဓာတ်ကြောင့် တစ်စစ ဖွံ့ဖြိုးကြီးထွားလာသည့် စပါးနှံတို့၏ သဘာဝကို အမှီပြုလျက် **"ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း"** ဟုလည်း ဆိုကြသည်။ ထို့ကြောင့် ရာသီဥတုသာယာကောင်းမွန်သည့် တန်ဆောင်မုန်းလတွင် အိုးစည် ဒိုးပတ်သံများနှင့် မြိုင်ဆိုင်လှသည့် ကထိန်အလှူပွဲများနှင့် အခြားပျော်ပွဲရွှင်ပွဲများ ခြိမ့်ခြိမ့်သဲ စည်ကားလျက်ရှိသည့် ဗုဒ္ဓဘာသာဝင်တို့၏ ထူးခြားသည့် လတစ်လပင်ဖြစ်ပေတော့သည်။ ။



# ပြည်မြို့လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးရင်ပြင်တော်ပေါ်၌ ဗုဒ္ဓမြတ်စွယ်တော် လက်ယာရစ်လှည့်လည်အပူဇော်ခံပွဲကျင်းပ

ပြည် နိုဝင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး ဗုဒ္ဓမြတ်စွယ်တော် လက်ယာရစ်လှည့်လည် ပူဇော်ခံပွဲကို နိုဝင်ဘာ ၁၃ ရက်က ကျင်းပသည်။

ဦးစွာ ဗုဒ္ဓမြတ်စွယ်တော် တပ်ဆင်ပူဇော်ထားသော စိန်စေတီတော်ကို ပန်းရထားပေါ်သို့ ပင့်ဆောင်၍ ရွှေဆံတော်ဂေါပကအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘုရားဝေယျာဝစ္စအဖွဲ့များက ရွှေကြိုး၊ ငွေကြိုးများဆွဲ၍ သာသနာ့အလံကိုင်များ၊ လှပျိုဖြူကလေးများက ပန်းကြဲကာ မင်းသားအကများဖြင့် ဘုရားရင်ပြင်တော်ပေါ်၌ လက်ယာရစ်သုံးကြိမ် လှည့်လည်အပူဇော်ခံပြီး ဗုဒ္ဓမြတ်စွယ်တော်အား မြတ်စွယ်တော်တိုက်အတွင်း မှန်ကျောင်းဆောင်တွင် ပြန်လည်ပင့်ဆောင်အပူဇော်ခံ၍ မြတ်စွယ်တော်ဖွင့်ပွဲကို ည ၉ နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ကိုစိုး(ပြန်/ဆက်)

# ဘိုကလေးမြို့နယ်လုံးဆိုင်ရာ (၃၈)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် ဒုတိယနေ့ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

**ဘိုကလေး နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး မြို့နယ်၌ မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကို နှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ယခုနှစ် (၃၈) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် ဒုတိယနေ့ လှည့်လည် အပူဇော်ခံပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် နိုဝင်ဘာ ၁၄ ရက်က ကျင်းပသည်။ **(အောက်ပုံ)**

ဒုတိယနေ့ ကျင်းပရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ဘုရားပွဲကျင်းပရေးဗဟိုအဖွဲ့နှင့် မြို့ပေါ်ရပ်ကွက် ၁၀ ခု၊ ဘုရားချောင်းကျေးရွာ၊ ကွင်းဝိုင်းကျေးရွာနှင့် ကုလားကြီးချောင်းကျေးရွာ အစရှိသည့် ရပ်ကွက်/ကျေးရွာ ၁၄ ဖွဲ့က တစ်ဖွဲ့လျှင် နှစ်ဆူနှုန်းဖြင့် နှစ်ကျိပ်ရှစ်ဆူ မြတ်ဘုရားများအား ဥပသကာဂေါပကများက ပင့်ဆောင်ကာ မြို့လယ်ကျက်သရေဆောင် အောင်တော်မူဘုရားကြီး ရှေ့စုရပ်မှ မင်္ဂလာစည်တော်နှင့်အတူ မြို့နယ်အတွင်း ဒေသစာရီ ကြွချီအပူဇော်ခံခဲ့ကြသည်။

ကြွချီရာ လမ်းတစ်လျှောက်တွင် မြတ်ဘုရားများအား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးနှင့် လှူဖွယ်ဝတ္ထု အစုစုတို့ဖြင့် ပြည်သူအပေါင်းက ပူဇော်လှူဒါန်းကြသည်။

မိုးစက်(ဘိုကလေး)



# ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ မသိုးသင်္ကန်းတော်မြတ် ရက်ချုပ်ပြိုင်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲကျင်းပ

ဇလွန် နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ (၅၃) ကြိမ်မြောက် မသိုးသင်္ကန်းတော်မြတ် ရက်ချုပ်ပြိုင်ပွဲနှင့် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၁၄ ရက်က ပြည်တော်ပြန်မြတ်စွာဘုရားကြီး ကိုးဘုံတန်ဆောင်းတော်ကြီးအတွင်း၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ခဲ့ပြီး ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက အမှာစကားပြောကြားကာ မသိုးသင်္ကန်းတော်မြတ်ရက်ချုပ်ပြိုင်ပွဲ စတင်နိုင်ရန် အချက်ပေးခေါင်းလောင်းတီးခတ်ပေးရာ ကိန္နရီစင်တော်၊ သမ္ဗူလစင်တော်၊ မယ်မဒ္ဒီစင်တော်၊ အမရာစင်တော်တို့မှ စတင်ရက်ချုပ်ပြိုင်ကြသည်။

ဇလွန်မြို့မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးတွင် တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် တစ်ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇလွန် (ပြန် / ဆက်)



# ဒလမြို့နယ်၌ မိုးစပါးတစ်ဧက တင်း ၁၀၀ အထွက်တိုး စံပြကွက် ရိတ်သိမ်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒလ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကျင်းပသည့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးတစ်ဧက တင်း ၁၀၀ အထွက်တိုး စံပြကွက် ရိတ်သိမ်းပွဲ အခမ်းအနားကို ညောင်ငုတ္တို ကျေးရွာအုပ်စု တောင်သူ ဦးညွန့်ဝေပိုင် ငါးဧကလယ်ယာမြေပေါ်၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပသည်။



စံပြကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရွှေလှိုင်၊ ဒလမြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဦးအောင်နိုင်မိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။

အဆိုပါ လယ်မြေငါးဧက၌ မိုးစပါးအထွက် တိုးစံပြကွက် ရိတ်သိမ်းခဲ့ရာ ပျမ်းမျှအထွက်နှုန်း စပါးတစ်ဧကလျှင် အစို ၁၀၉ ဒသမ ၃၄ တင်းနှုန်း၊ အခြောက် ၁၀၂ ဒသမ ၄၁ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

အေးမြမိုး(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့၌ (၂၄) ကြိမ်မြောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာ ဆုတောင်းပြည့် ဘုရားကြီးတွင် မသိုးသင်္ကန်း ရက်ကန်းခတ် ပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက် ညနေ ၆ နာရီက ဘုရားကြီးရင်ပြင်ပေါ်၌ ကျင်းပသည်။

အဆိုပါ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရား (၂၄) ကြိမ်မြောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ရက်ကန်းခတ်နေမှုကို လှည့်လှည်ကြည့်ရှုသည်။

ထို့နောက် မသိုးသင်္ကန်း ရက်ကန်းခတ် ပူဇော်ပွဲတွင် သုမာလာ၊ သုစိတ္တာ၊ သုနန္ဒာ၊ သုဓမ္မာနှင့် သုဇိတာ စသည့် ရက်ကန်းစင်များဖြင့် မိမိတို့ ရက်ကန်းစင်အလိုက် ရက်ဖောက်ရောက်ခြင်း၊ ချည်ဆက်ခြင်း၊ ရက်ကန်းခတ်ခြင်း၊ ရက်ကန်းစင်များမှရရှိသော သင်္ကန်းအား ဆက်ချုပ်ခြင်းတို့ဖြင့် မသိုးသင်္ကန်း အချိန်မီ ပြီးစီးနိုင်ရန်အတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နေကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၄

**နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်အသီးသီးမှ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ပထမနှစ် အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာသင်တန်းနှင့် ပထမနှစ်တန်းမြင့်စစ်ပညာသင်တန်းတို့ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ သင်တန်းများဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးခဲ့သည်။**



ယနေ့ နံနက်ပိုင်းတွင် အဆိုပါ သင်တန်းဆင်းပွဲများကို နေပြည်တော် ကောင်စီနယ်မြေတွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၊ မိုင်းမောမြို့တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင်လည်းကောင်း နယ်မြေခံ သင်တန်းကျောင်းခန်းမများ၌ ပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်း၊ ဆုတံဆိပ်ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများနှင့် ဆုရရှိကြသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ၏ ရင်းတွင်းစကားသံများကိုလည်း ယခုလို ကြားသိခဲ့ရပါသည် -

စိတ်ဝင်စားတဲ့ ဘာသာရပ်ကတော့ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု ဘာသာရပ်ပဲဖြစ်ပါတယ်။ ပြီးတော့ လက်နက်မဲ့ စစ်ရေးပြဘာသာရပ် ဖြစ်ပါတယ်။ အကောင်းဆုံးစံပြဆုရတာကို ကျွန်မ အလွန်ဝမ်းသာပါတယ်။ ကြိုးစားခဲ့ရတာတွေ အရာထင်ခဲ့တယ်။ ပင်ပန်းခဲ့ရတာတွေ၊ ကျွန်မတို့ကျောင်းအတွက်လည်း အလွန်ဝမ်းသာ ဂုဏ်ယူရပါတယ်။ ဒီသင်တန်းကို နောက်ထပ်လာမယ့်သူတွေလည်း လာရောက်တတ်သင့်တယ်လို့ ထင်တယ်။

နိုင်ငံတော် ကာကွယ်ရေးဆိုတာ တပ်မတော်သားတွေမှာပဲ တာဝန်ရှိတာ



မဟုတ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံသားတိုင်းမှာလည်း နိုင်ငံတော် ကာကွယ်ရေးနဲ့ပတ်သက်ပြီး တာဝန်ရှိတယ်။ ကျွန်တော်ဆိုရင် အခြေခံ ဒုတိယနှစ် သင်တန်းကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ အခြေခံ ဒုတိယနှစ်သင်တန်းမှာဆိုရင် အခြေခံ ပထမနှစ်ကတော့ တပ်နဲ့ပတ်သက်တဲ့ အခြေခံအကြောင်းအရာတွေ သင်ကြားရတာပါ။ အခြေခံဒုတိယနှစ်ရောက်သွားတော့ ပထမနှစ်ထက်တစ်ဆင့်မြင့်ပြီးတော့ ခုဆိုရင် တိုက်ပွဲဝင်နိုင်တဲ့ အဆင့်ထိပါ သင်ကြားပေးထားပြီးဖြစ်တဲ့ အတွက် လေ့ကျင့်သား ပြည့်ဝနေပြီလို့ ပြောလို့ရပါတယ်။ အဲတာကြောင့် ခုဆို ကျွန်တော်တို့လည်း တပ်မတော်သားတွေလိုပဲ လေ့ကျင့်သား ပြည့်ဝတဲ့ တက္ကသိုလ် တပ်ဖွဲ့ဝင်တစ်ယောက်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးမှာ အရေးကြုံရင် လိုအပ်တဲ့နေရာကနေ စွမ်းစွမ်းတမံပါဝင် ဆောင်ရွက်သွားဖို့လည်း ရှိပါတယ်။

ဒီသင်တန်းကို လာရောက်တက်ရတဲ့ အတွက်ကြောင့် အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်ရတာတွေ။ နောက်မတူညီတဲ့ တက္ကသိုလ်ကနေတွေ့ရတဲ့ သူငယ်ချင်းအပေါင်းအသင်းတွေအချင်းချင်း ကူညီ ရိုင်းပင်းမှုတွေ၊ သင်ခန်းစာတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ရတာတွေနဲ့ အပြင်မှာသင်ဖို့မလွယ်ကူတဲ့ စစ်ပညာတွေကို သင်ကြားရတဲ့ ကောင်းမွန်တဲ့ အတွေ့အကြုံတွေ ရရှိပါတယ်။ ကျွန်မ ရရှိတဲ့ဆုကတော့ စံပြကျောင်းသူဆု ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီဆုကိုရရှိခဲ့တဲ့ အတွက်ကြောင့် ကျေနပ်မှုရှိပါတယ်။ ဒီပညာတွေကို နိုင်ငံအတွက် အရေးတကြီး လိုအပ်တဲ့အခါမှာ လိုအပ်တဲ့ ဘက်ကနေ စွမ်းစွမ်းတမံ ဆောင်ရွက်ဖို့ ခံယူချက်ရှိပါတယ်။ စခန်းချလေ့ကျင့်ခြင်းကို သင်တန်းကျောင်းမှာဆိုရင် အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်ရတယ်။ သင်တန်းကိုလည်း ခက်ခက်ခဲခဲကြိုးစားရတယ်။ ဒီလိုကြိုးစားခဲ့ရတဲ့အပေါ်မှာ ဆရာ ဆရာမတွေရဲ့ ထောက်ပံ့ပေးမှုတွေ၊ နည်းပြတွေရဲ့ ထောက်ပံ့ပေးမှုတွေ သင်တန်းသားအချင်းချင်း ရိုင်းပင်းကူညီမှုတွေနဲ့ အဘက်ဘက်ကနေ ကြိုးစားပြီး ရရှိခဲ့တဲ့အတွက်ကြောင့် ဂုဏ်ယူပါတယ်။

နေရေးထိုင်ရေးအတွက် အဆင်ပြေအောင် စီစဉ်ထားရှိမှုတွေ ရှိပါတယ်။ ပြီးတော့ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းတွေ၊ ကိုယ်ခံပညာတွေကိုလည်း သင်ကြားပေးပါတယ်။ အခြေခံစစ်နည်းဗျူဟာတွေလည်း ကောင်းစွာသင်ယူရရှိခဲ့ပါတယ်။ ကျွန်တော်တို့သင်ကြားခဲ့ရတဲ့ အခြေခံ စစ်နည်းဗျူဟာတွေကိုလည်း နောင်အနာဂတ်မှာ ခေါင်းဆောင်ဖြစ်လာမယ့် ကျွန်တော်တို့ရဲ့ ညီငယ်၊ ညီမငယ်တွေကို ပြန်လည်မျှဝေပေးချင်ပါတယ်။ နိုင်ငံတော်ကာကွယ်ဖို့အတွက် ကျွန်တော်တို့ လူငယ်မောင်မယ်တွေမှာလည်း တာဝန်ရှိတာ ဖြစ်တဲ့အတွက်ကြောင့် လူငယ်မောင်မယ်တွေကို အခြေခံ စစ်နည်းဗျူဟာတွေ ပြန်လည်မျှဝေပေးရင်းနဲ့ အနာဂတ်နိုင်ငံတော်ရဲ့ တာဝန်ကို တစ်ဖက်တစ်လမ်းကနေ ထမ်းဆောင်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။












အဆိုပါ သင်တန်းများတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၆၈ ဦးတို့ကို သင်တန်းကာလ ခုနစ်ပတ်ဖွင့်လှစ်၍ ကိုယ်လက်ကြံ့ခိုင်ရေး ဘာသာရပ်၊ မြန်မာ့သိုင်းဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ သဘောတရားရေးဆိုင်ရာဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ ကျန်းမာရေးနှင့် ရှေးဦးသူနာပြုဘာသာရပ်များနှင့် စက်ပစ်ကွင်းလက်တွေ့ပစ်ခတ်ခြင်း သင်ခန်းစာများအား လေ့ကျင့်သင်ကြားပေးခြင်းအပြင် အထွေထွေဗဟုသုတရရှိစေရေး အတွက် ပြင်ပလေ့လာရေးခရီးစဉ်များကိုလည်း လိုက်ပါပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားများကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၄**

ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူပြီးသော သဗ္ဗညုတရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားရှင် အဆူဆူတို့အား ရည်မှန်းလျက် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းဖော်ဆောင်သောအားဖြင့် တန်ဆောင်မုန်းလပြည့် အခါသမယ နေ့ထူးနေ့မြတ်တွင် မသိုးရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ရေးအတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် စေတီတော်များ၌ တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညပိုင်းတွင် ယှဉ်ပြိုင်ရက်လုပ်ကြသည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၆) ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ရာဟုထောင့်အောင်မြေ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၆) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ် လှည့်လည်ပူဇော်ပွဲကို ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရုပ်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ယှဉ်ပြိုင်ရက်လုပ်ကြမည့် ပြိုင်ပွဲဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြိုင်ပွဲကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ အလှည့်ကျ ဂေါပကအဖွဲ့ဝင် ဦးမင်းလွင်နှင့် ဂေါပကအဖွဲ့ဝင် ဦးညွန့်သင်းတို့က မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး (ယာပုံ) ပြိုင်ပွဲဝင် ရက်ကန်းစင်တော်များ ယှဉ်ပြိုင်ရက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၏ အကြိမ် (၄၀) မြောက် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲကို ယနေ့ ညနေ ၅ နာရီတွင် ဗိုလ်တထောင်စေတီတော်ရင်ပြင်တော်ပေါ်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲဝင် ရက်ကန်းစင်တော်များ ယှဉ်ပြိုင်ရက်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၄) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲကို ရတနာရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ယှဉ်ပြိုင်ရက်လုပ်ကြမည့် ရက်ကန်းစင်တော်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ စေတီတော်များ၌ ပြိုင်ပွဲဝင်များ ရက်လုပ်သည့် မသိုးရွှေကြာသင်္ကန်းတော်များကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်ဦးတွင် စေတီတော်နှင့် စေတီတော်ပရိဝုဏ်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို ဆက်ကပ်လှူဒါန်းသွားကြမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းလတ်(MNA)**

# မော်လမြိုင်မြို့၌ ၂၀၂၄ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကျင်းပ



**မော်လမြိုင် နိုဝင်ဘာ ၁၄**

မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ်၊ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်နေ့ ညနေပိုင်းက မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားဝင်း၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မြန်မာနိုင်ငံ၏ ရိုးရာမပျက်ကျင်းပကြသည့် ပွဲတော်များတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်သည် ထင်ရှားစည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်လျက်ရှိသည့် ပွဲတော်ဖြစ်ကြောင်း၊ မိုးလေကင်းလွတ်ပြီး သာယာမျှတသည့် ပွင့်လင်းရာသီတွင် အများပြည်သူ ပိုမိုပျော်ရွှင်ဝမ်းမြောက်စွာ ဆင်နွှဲနိုင်ရန် ရည်ရွယ်ပြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်ကို ယခုနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပပေးခြင်းဖြစ်ကြောင်း၊ မွန်ပြည်နယ်အနေဖြင့် တန်ဆောင်တိုင်ပွဲတော်ကို မြို့နယ်အလိုက်ကျင်းပကြပြီး မော်လမြိုင်မြို့အနေဖြင့် ကျိုက်သလွံ၊ ကျိုက်သုတ်ဘုရားပွဲတော်များ၊ ဆွမ်းအိုးမျှောပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်း၊ စတုဒိသာအလှူများ ကျွေးမွေးခြင်းတို့ဖြင့် ဒေသ၏ ပွဲတော်ရိုးရာဓလေ့များကို အစဉ်အလာမပျက် ကျင်းပခဲ့ပါကြောင်း၊ မိမိဒေသ၏ ယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် မြို့ရွာသာယာပြီး ပြည်သူများ ပျော်ရွှင်ကြည်နူးရသည့်အပြင် စီးပွားရေးတိုးတက်မှု၊ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာမှုများကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးနှင့် သယံဇာတရေးရာဝန်ကြီးတို့က ၂၀၂၄ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ်အတွင်းရှိ စက်ရုံ အလုပ်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်များ၊ ဒေသထွက် ရိုးရာအစားအစာများ ရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ဝဲပုံ)

အဆိုပါတန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ (ပြန်/ဆက်)**

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၅) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၅) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက မဟာမုနိဘုရားကြီးရင်ပြင်တော် မိုးကောင်းဓမ္မာရုံမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ မဟာမုနိဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရင်ပြင်တော်တွင် ကျင်းပသည့် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ရွှေမိုးငွေမိုးများ ရွာသွန်းပေးပြီး မသိုးမြတ်သင်္ကန်းတော်အတွက် ဗိုင်းငင်ဝါဖတ်မှစတင်ကာ ရက်ကန်းစင်တော်များဖြင့် အဆင့်ဆင့် ရက်လုပ် လှူဒါန်းပူဇော်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်၊ လုပ်အားဒါနပြုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း၊ ညတွင်းချင်းရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ထားဝယ်မြို့၌ (၁၁၂) ကြိမ်မြောက် တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရား စည်ကားသိုက်မြိုက်စွာ ဒေသစာရီလှည့်လည်ပူဇော်



**ထားဝယ် နိုဝင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ဘုရားကြီးဂေါပကအဖွဲ့ကကြီးမှူး၍ ရပ်ကွက်ပေါင်းစုံပါဝင်သော ထားဝယ်ဒေသ၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ (၁၁၂) ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူ ဘုရားဒေသစာရီလှည့်လည်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ရွှေတောင်စားလမ်း လောကမာရ်ဇိန်ဘုရားကြီးဝင်း အရှေ့ဘက်မုခ်မှစ၍ ထားဝယ်မြို့အတွင်း စည်ကားသိုက်မြိုက်စွာ ဒေသစာရီလှည့်လည်ပူဇော်ခံသည်။ **(ယာပုံ)**

ထိုသို့ လှည့်လည်ပူဇော်ခံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးလာပြည်သူများက နှစ်ကျိပ်ရှစ်ဆူဘုရားဒေသစာရီ လှည့်လည်ပူဇော်ပွဲကို ဖူးမြော်ကြည်ညိုကုသိုလ်ပြုကြသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံချိန် ဘုရားလှည့်လည်ရာတွင် ပါဝင်သည့် ရပ်ကွက်၊ ကျေးရွာ နာမည်များကို ထားဝယ်လိုရေးသားဖော်ပြမှုရှိခဲ့ပြီး သရုပ်ဖော်ရုပ်လုံးရုပ်ကြွများဖြင့် ထည့်သွင်းလှည့်လည်ခဲ့သောကြောင့် ဘုရားဖူးလာပြည်သူများနှင့် ဒေသခံပြည်သူများ စိတ်ဝင်စားမှုရှိခဲ့ကြကာ ထားဝယ်ရိုးရာ နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲသည် ဒေသတွင်းအထင်ရှားဆုံး ပွဲတော်တစ်ခုဖြစ်၍ ဒေသခံများ နှစ်စဉ်ပါဝင်ဆင်နွှဲလေ့ရှိသည့် ပွဲတော်တစ်ခုလည်းဖြစ်သည်။

ယင်းနောက် နှစ်ကျိပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော်ခံရာ လမ်းတစ်လျှောက်တွင် ဒေသခံပြည်သူများက ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ ငွေပဒေသာပင်များ ကပ်လှူပူဇော်ကြပြီး ဥပသကာများအား စေတနာရှင်၊ အလှူရှင်များက အအေး၊ ဖျော်ရည်၊ စားသောက်ဖွယ်ရာများ စေတနာများဖြင့် ဧည့်ခံကြသည်။

ထားဝယ်မြို့၏ ကျက်သရေဆောင် နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားရုပ်ပွားတော်များ ဒေသစာရီလှည့်လည်ပူဇော်ခံပွဲကို ကောဇာသက္ကရာဇ် ၁၂၇၁ ခုနှစ်မှစပြီး ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင်နှစ်ပေါင်း (၁၁၂) နှစ်တိုင်တိုင် ကျင်းပလာခြင်းဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ထားဝယ်မြို့ ဘုရားကြီးဝင်းအတွင်း၌ ကျင်းပလျက်ရှိရာ ရဟန်းရှင်လူပြည်သူများ၊ ဈေးဆိုင်များဖြင့် စည်းကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြိတ်မြို့၌ (၉၄) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲတော် စည်ကားစွာကျင်းပ



**မြိတ် နိုဝင်ဘာ ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက် ဘုရားငါးဆူကွင်းတွင် ဗုဒ္ဓဘာသာအသင်းကြီးကကြီးမှူး၍ အစဉ်အလာမပျက် ကျင်းပလျက်ရှိသော (၉၄) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရား ပူဇော်ပွဲတော်တွင် ဘုရားဖူးပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

မြိတ်မြို့တွင် ရာသီအလိုက် အထင်ကရပွဲတော်များ၌ တစ်ခုအပါအဝင်ဖြစ်သည့် နှစ်ကျိပ်ရှစ်ဆူဘုရား ပူဇော်ပွဲတော်တွင် နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓရုပ်ပွားတော်များကို စံကျောင်းအဆောင်များဖြင့် ခမ်းနားထည်ဝါစွာ ဆင်ယင် ကျင်းပလျက်ရှိရာ ဘုရားဖူးပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိပြီး မြိတ်မြို့၏ တန်ဆောင်မုန်းလတွင် စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပသည့် ဗုဒ္ဓပူဇာသဘင်ဖြစ်ကာ ပွဲတော်ရက်များအတွင်း စေတနာကျွေးမွေးခြင်း၊ ဇာတ်သဘင်နှင့် ပျော်ပွဲရွှင်ပွဲများဖြင့် နိုဝင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ ကျင်းပလျက်ရှိပြီး ဘုရားငါးဆူကွင်း၌ စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပလျက်ရှိကာ တန်ဆောင်မုန်းလပြည့်နေ့ ညနေတွင် ဘုရားငါးဆူကွင်း ယာယီစံကျောင်းတော်မှ မြို့တွင်းလှည့်လည်ပူဇော်ပွဲကို ဗုဒ္ဓဘာသာအသင်းကြီးက ဦးဆောင်ကာ ဘုရားပွဲ့စဉ်များအလိုက် ပြာသာဒ်မော်တော်ယာဉ်များဖြင့် မီးအလှဆင်ကာ ရပ်ကွက်အသီးသီးသို့ လှည့်လည်ပူဇော်ကြမည် ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ မြသိန်းတန်ဘုရားကြီးကျောင်းတိုက်တွင် ကိန်းဝပ်စံပယ်တော်မူသော မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရဟန္တာအရှင်မြတ်များ မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီကြွချီ အပူဇော်ခံယူပွဲကို နှစ်စဉ်တန်ဆောင်တိုင်ကာလရောက်တိုင်း ကျင်းပလျက်ရှိရာ နိုဝင်ဘာလ ၁၄ ရက်ကလည်း (၁၆၁) ကြိမ်မြောက်အဖြစ် မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီ ကြွချီအပူဇော်ခံယူပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ ဇင်မင်းထိုက်(ထန်းတပင်)

# တပ်ကုန်းမြို့ တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်တွင် မီးပုံးပျံများနှင့် မီးရှူးမီးပန်းများ လွှတ်တင်ခြင်းဖြင့် စည်ကားစွာကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ရိုးရာပွဲတော်ကို ဖော်ထုတ်မြှင့်တင်အားပေးခြင်းဖြင့် တပ်ကုန်းမြို့ တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၄ ရက် ညနေပိုင်းက We Love TatKone စာလုံးဖော်၍ မြို့နယ်ပြည်သူ့အားကစားကွင်းဝင်းအတွင်း၌ မီးပုံးပျံများနှင့်မီးရှူးမီးပန်းများ လွှတ်တင်ခြင်းဖြင့် စည်ကားစွာ ကျင်းပသည်။



အဆိုပါ လွှတ်တင်ပေးကြရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော် MSME အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ် MSME အသင်းဥက္ကဋ္ဌ ဦးမောင်မောင်နုနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ၊ ရပ်ဝေး၊ ရပ်နီးမှ ပွဲလာဧည့်ပရိသတ်များ စုစုပေါင်း ပရိသတ် လေးထောင်ကျော် ပါဝင်ဆင်နွှဲ၍ မီးပုံးပျံအလုံး ၃၅၀ နှင့် မီးရှူးမီးပန်းများ လွှတ်တင်ခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပျော်ရွှင်အေးချမ်းစွာ ကျင်းပခဲ့သည်။

တပ်ကုန်းမြို့ တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်တွင် နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်ထိ နွားလှည်းယဉ်ကျေးပြိုင်ပွဲများ၊ ညပိုင်းတွင် နိုင်ငံကျော်အဆိုတော် စတိတ်ယာဉ်ဖြင့် လှည့်လည်ဖျော်ဖြေပွဲ ကျင်းပမည်ဖြစ်ကြောင်း မြို့နယ်တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်ကျင်းပရေး ကော်မတီထံမှ သိရသည်။ **တင်စိုးလွင်**



ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် တန်ဆောင်တိုင် (၃၉) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၁၄ ရက်က စေတီတော်ရင်ပြင် ရှုခင်းသာတန်ဆောင်း၌ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်း၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သန်းထိုက်ရွှေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်၊ မြို့မိမြို့ဖ ဦးမြတ်စိုးနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သန်းဝင်း(သန်လျင်)



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ အစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သာ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက်က ရွှေဆံတော်စေတီတော်ရင်ပြင်ရှိ ဒေါ်ပု၊ ချစ်တီးတန်ဆောင်း၌ ဖွင့်ပွဲကျင်းပစဉ်။

တွံတေးသား

## အဇာတသတ်၏ မိုက်နောင်တနှင့် သာမညဖလ

* အကလျာဏမိတ္တ
လူ့ဗာလ ဆရာတင်၊
ဒေဝဒတ် ဆရာသခင်
လက်ထပ်သင်သူ့ဝါဒ၊
မှားတစ်ရာ ပြင်မရ
ငါးပဉ္စာ နန္တရိယ
ပိတုဃာတကာ။

* အဇာတသတ် မိုက်နောင်တ
ဝန်ချဖို့ ဖူးမြော်လာ
ပြည့်ဝသဒ္ဓါ၊
ဇီဝက ဥယျာဉ်သာ
မြတ်ဗုဒ္ဓါ ထံတော်ပါး၊
ရိုကျိုးစွာ ခဝပ်တွား
ဦးချလျှောက်ထား။

* ရဟန်းမြတ်ပြုခြင်းအကျိုး
မြတ်နိုးဖွယ် ဒေသနာ၊
လပြည့်ခါ တန်ဆောင်မုန်း
မိုးလုံးထိန်ဝါ။
စောဗုဒ္ဓမဟာကရုဏာ
နှုတ်ခြွေကာဆုံးမ၊
သုတ်တော်လာအမည်သ
သာမညဖလ။ ။

ကျော်စောဟန်

(၂၃)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်
မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် နိုဝင်ဘာ ၁၄
မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။
မိုး/ဇလ

## ကွန်ပျူတာတက္ကသိုလ်(မအူပင်)၌ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



မအူပင် နိုဝင်ဘာ ၁၄
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ကွန်ပျူတာတက္ကသိုလ်(မအူပင်)၌ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက်က ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ကွန်ပျူတာတက္ကသိုလ်(မအူပင်) ပါမောက္ခချုပ် ဒေါက်တာ သန္တာသိန်းက ငါးနှစ်တာကာလ ပြီးမြောက်အောင်မြင်ခဲ့သည့် ဘွဲ့ရမောင်မယ် ၃၃ ဦး၊ အဝေးရောက် ဘွဲ့ရမောင်မယ် နှစ်ဦး စုစုပေါင်း ဘွဲ့ရမောင်မယ် ၃၅ ဦးတို့အား ကွန်ပျူတာ သိပ္ပံဘွဲ့(B.C.Sc)နှင့် ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)တို့ကို ဘွဲ့လက်မှတ်များ အပ်နှင်းပေးအပ်ပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရသည်။ **အောင်မြင့်မြတ် (ပြန်/ဆက်)**

## ကျိုက်မရောမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

ကျိုက်မရော နိုဝင်ဘာ ၁၄
မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က အခြေခံပညာ အထက်တန်းကျောင်း (ကျိုက်မရော)၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

မြို့နယ် စီမံအုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးက စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူနှင့် ကျောင်းသားကျောင်းသူများ စာဖတ်သည့်အလေ့အထများ ဖြစ်ပေါ်လာစေရေးနှင့် အနာဂတ်ကို ပုံဖော်ထုဆစ်ကြမည့် လူငယ်လူရွယ်များ အသိပညာဗဟုသုတပြည့်စုံပြီး အမျိုး၊ နိုင်ငံအကျိုးသယ်ပိုးထမ်းဆောင်နိုင်သော လူချွန်လူကောင်းများ ပေါ်ထွန်းလာရေး ထည့်သွင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး နံရံကပ်ပိုစတာများအား ကြည့်ရှုခဲ့ကြောင်း သိရသည်။



**ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ် ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ တန်ဆောင်တိုင်ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ယူအေအီးနိုင်ငံ ဖူဂျဲရာ့ပြည်နယ်အတွင်း နေအိမ်တစ်အိမ်၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်

ရန်ကုန် နိုဝင်ဘာ ၁၄
နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့သည် သက်ဆိုင်ရာ သံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။




ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဖူဂျဲရာ့ပြည်နယ်(Fujairah) အတွင်း နေအိမ်တစ်အိမ်၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသူ မဇင်မျိုးသူအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေးဌာန၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းရုံးချုပ်အပါအဝင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြန်လည်ထွက်ခွာခွင့် Out Pass ရရှိခဲ့၍ နိုဝင်ဘာ ၁၃ ရက်၌ ဒူဘိုင်း - ရန်ကုန် ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ည ၉ နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ခဲ့ရသည့်မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးသည့်အတွက် အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ **ကျော်ကြီး၊ဓာတ်ပုံ-သီဟ**



## ကော်ဖီ၊ လက်ဖက်နှင့် မက္ကဒေးမီးယားသီးနှံဆိုင်ရာ နည်းပညာဖြန့်ဝေ

ဟုမ္မလင်း နိုဝင်ဘာ ၁၄
စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ထမံထိန်းသိမ်းရေးအသင်းတို့ပူးပေါင်း၍ ကော်ဖီ၊ လက်ဖက်နှင့် မက္ကဒေးမီးယားသီးနှံစိုက်ပျိုး ထုတ်လုပ်ခြင်းနည်းပညာပေး သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက်က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အမှာစကားပြောကြားသည်။

သင်တန်းတွင် စာတွေ့လက်တွေ့ တစ်ရက်တာ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၄၅ ဦး တက်ရောက်ကြောင်း သိရသည်။ **ဟုမ္မလင်း(ပြန်/ဆက်)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

# ရန်ကုန်အမျိုးသားပြတိုက်တွင် ရာမာယဏဇာတ်တော်နှင့်ပတ်သက်သော ပန်းချီအနုပညာပြပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

အိန္ဒိယနိုင်ငံယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီမှ ပေးပို့လာသည့် အနုပညာလက်ရာများဖြင့် ရန်ကုန်မြို့ အမျိုးသားပြတိုက်တွင် ခင်းကျင်းပြသလျက်ရှိသည့် ရာမာယဏဇာတ်တော်နှင့်ပတ်သက်သော ပန်းချီအနုပညာပြပွဲသို့ ယမန်နေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Shri Abhay Thakur နှင့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်မှပုဂ္ဂိုလ်များ၊ တတ်သိပညာရှင်များ၊ အိန္ဒိယနိုင်ငံ၏ မိတ်ဆွေများနှင့် အိန္ဒိယအသိုက်အဝန်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများအား အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ခင်းကျင်းပြသထားသည့် အိန္ဒိယအနုပညာရှင်များ၏ ပန်းချီ၊ ပန်းပုလက်ရာများအား လိုက်လံရှင်းလင်းပြသသည်။ **(ယာပုံ)**

ထို့နောက် အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ပြပွဲတွင် အိန္ဒိယအနုပညာရှင်များ၏ ကျော်ကြားသော လက်ရာမြောက်သည့် ပန်းချီကား ၃၂ ချပ်၊ ပန်းပုလက်ရာခြောက်ခုနှင့် ရုပ်သေးရုပ် ၁၈ ခုတို့ ပါဝင်ပြီး ရာမာယဏ၏ကျော်ကြားသောဂန္ထဝင်စာပေကျမ်းဂန်ဖြစ်မှု၊ ဆွဲဆောင်မှုရှိသော ဇာတ်ကွက်အပိုင်းများ၊ ၎င်းတို့၏ရှင်မြူးဖွယ်ရာဇာတ်လမ်းများနှင့် လေးနက်သောသွန်သင်ချက်များကို ခင်းကျင်းပြသထားသည်။

ရာမာယဏအနုပညာပြပွဲကို အိန္ဒိယ - မြန်မာ နှစ်နိုင်ငံ ပြည်သူချင်း ဆက်ဆံရေးပိုမိုခိုင်မာစေရန်နှင့် နှစ်နိုင်ငံ အပြန်အလှန်နားလည်မှု ပိုမိုနက်ရှိုင်းကာ အနုပညာရပ်များပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုခိုင်မာစေရေးတို့ကို ဖော်ဆောင်ပေးနိုင်ရေးအတွက်ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# မကွေးမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မကွေး နိုဝင်ဘာ ၁၄**

မကွေးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မကွေးမြို့နယ် စမ်းမကျည်း အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။



ဟောပြောပွဲတွင် မကွေးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ကျော်ညွန့်က မီးခိုးမြူငွေ့ညစ်ညမ်းမှု အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုများကြောင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သော ဆိုးကျိုးများနှင့် ကာကွယ်ထိန်းသိမ်းနိုင်မည့်နည်းလမ်းများကို ကျောင်းသား ကျောင်းသူများနှင့် ကျေးလက်နေပြည်သူ စုစုပေါင်း၃၀၀ တို့အား အသိပညာပေး ဟောပြောပြီး တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေပေးကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# ပန်းတောင်းမြို့နယ် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး နည်းပညာပေးဆွေးနွေး

**ပန်းတောင်း နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကျွန်းမီးအုပ်စု သာယာဟောင်းကျေးရွာ တောင်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေး စံပြကွက်ကြီးများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသင်းက အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြိုင်က မြေပဲသီးနှံ ပန်းတိုင်အထွက်ရရှိရေးအတွက် အထွက်နှုန်း မိတ်ဖက်များတိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် သက်တမ်းအလိုက် ဆောင်ရွက်ရမည့်နည်းပညာများ၊ ဒုတိယဦးစီးမှူး ဒေါ်ဝင်းဝင်းမြင့်က သစ်စိမ်းမြေဩဇာ ပြုလုပ်သုံးစွဲရေးနှင့် ပိုက်ဆံလျှော်စိုက်ပျိုးခြင်းအကျိုးကျေးဇူးများ၊ ဒုတိယဦးစီးမှူး ဦးစောမြင့်က နှမ်းသီးနှံပန်းတိုင်အထွက်နှုန်းရရှိစေရေးနည်းပညာနှင့် ပေါင်ကြီးတင်စိုက်ပျိုးနည်းစနစ်များကို ဆွေးနွေးကြပြီး ပြည်ခရိုင် ဦးစီးမှူးရုံးမှ လက်ထောက်ဦးစီးမှူး ဦးဆန်းထွန်းဝင်းက သီးနှံများပိုးမွှား ရောဂါနှိမ်နင်းနည်းများကို ဆွေးနွေးပြောကြားသည်။ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်သည်။

**သင်းသင်းအေး(ပြန်/ဆက်)**



# ကန့်ဘလူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ် ၁၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၃ ရက်က နေအိမ် ၁၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ကန့်ဘလူမြို့နယ်အတွင်း ဒေသခံပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရန်နှင့် အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ခြင်းမရှိစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ပြဋ္ဌာန်းထားသည့် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများကို တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သတင်းစဉ်**

# ဗဟန်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး ပညာပေး

**ဗဟန်း နိုဝင်ဘာ ၁၄**

ရန်ကုန်အနောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ်ရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါက်တာသိန်းသိန်းအေးက အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်(၂)က မီးခိုးမြူငွေ့လျှော့ချရေး ဟောပြောရာ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ ၁၂၀ တက်ရောက်ကြကြောင်း သိရှိရသည်။

**သဇင်(ပြန်/ဆက်)**



# စင်ကာပူအသင်းကို မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် အရေးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၁၄**

နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ နိုဝင်ဘာ ၁၄ ရက်က စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်း၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ စင်ကာပူအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

### အပြန်အလှန်ဂိုးသွင်း

မြန်မာ့လက်ရွေးစင် အသင်းသည် စင်ကာပူအသင်းနှင့် အဝေးကွင်းခြေစမ်းပွဲတွင် အပြန်အလှန်ဂိုးသွင်းမှုများဖြင့် အရေးနိမ့်ခဲ့သည်။ နှစ်သင်းစလုံး အမာခံကစားသမားအချို့ ပါဝင်နိုင်ခြင်းမရှိသော်လည်း အပြန်အလှန်ရှိသည့်ပွဲဖြစ်ခဲ့သည်။

### တိုက်စစ်မှူးစစ်စစ်မပါ

မြန်မာ့လက်ရွေးစင် အသင်းသည် ကျော်ဇင်ဖြိုး (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ သက်ဟိန်းစိုး၊ စိုးမိုးကျော်၊ အောင်ဝဏ္ဏစိုး၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်၊ ဟိန်းထက်အောင်၊ ဆွမ်လမ်မန်၊ မောင်မောင်လွင်တို့ ပါဝင်ကစားခဲ့ပြီး ဒဏ်ရာနှင့် ပွဲပယ်ကစားသမားများ ရှိနေသဖြင့် ပွဲထွက်လူစာရင်းတွင် အထောင်တိုက်စစ်မှူးစစ်စစ် မပါဝင်ဘဲ ယှဉ်ပြိုင်ခဲ့သည်။ ပွဲအစ ၄ မိနစ်မှာပင် စင်ကာပူ လက်ရွေးစင်အသင်း ဂိုးစတင်ရရှိခဲ့ပြီး မြန်မာအသင်း ခံစစ်ကစားပုံအားနည်းချက်မှတစ်ဆင့် ဖာဟန်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး မြန်မာအသင်းသည် ချေပဂိုးရနိုင်သည့် အခွင့်အရေးအချို့ရသော်လည်း အသုံးမချနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ဒုတိယပိုင်းအစ ၇ မိနစ်အတွင်း နှစ်ဂိုးပြန်သွင်းနိုင်ခဲ့သည်။ ၄၇ မိနစ် တွင် တောင်ပံတိုက်စစ်ကစားသမား ရဲရင့်အောင်က ချေပဂိုး ပြန်သွင်းပြီး ၅၂ မိနစ်တွင် သီဟဇော်က ထောင့်ကန်ဘောကို ခေါင်းတိုက်ပြီး ဒုတိယဂိုးထပ်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် အိမ်ရှင်စင်ကာပူအသင်းက ချေပဂိုးရရန် တောက်လျှောက်ဖိအားပေးလာရာ ၈၄ မိနစ်တွင် အန်ဝါက ချေပဂိုးနှင့် ၈၆ မိနစ်တွင် အူနိုစ်က တတိယဂိုး သွင်းယူခဲ့သည်။

### ယှဉ်ပြိုင်ကစားမည်

မြန်မာ့လက်ရွေးစင် အသင်း နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် ဒုတိယခြေစမ်းပွဲအဖြစ် နိုဝင်ဘာ ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ လက်ဘနွန်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်အား သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုကျူးလွန်သူ တရားခံအမျိုးသားလေးဦးအား သက်သေခံပစ္စည်းများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက် ဗိုလ်ချုပ်လမ်းမဘေးရှိ First Rate Mobile ဖုန်းဆိုင်သို့ အမျိုးသားလေးဦး(စိစစ်ဆဲ)က နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် သေနတ်များကိုင်ဆောင်၍ ဝင်ရောက်လာပြီး ဆိုင်ဝန်ထမ်းများကို ကြမ်းပြင်၌ မှောက်ခိုင်းထားကာ ဆိုင်၏နောက်ခန်းအတွင်း ဖုန်းပြင်နေသော ဆိုင်ဝန်ထမ်းဖြစ်သူ ကိုဟိန်းမြတ်သူ(၂၁)နှစ်အား သေနတ်ဖြင့်ပစ်ခတ်၍ ဆိုင်အတွင်းရှိ iPhone အမျိုးအစား လက်ကိုင်ဖုန်း ၂၀၊ တန်ဖိုးငွေကျပ် ၁၁၂၁ သိန်းခန့်အား လုယက်ယူဆောင် ထွက်ပြေးသွားခဲ့ပြီး ဖြစ်စဉ်အတွင်း ကိုဟိန်းမြတ်သူတွင် ကျည်ထိမှန်ဒဏ်ရာတစ်ချက်ရရှိကာ သေဆုံးသွားခဲ့သဖြင့် တာချီလိတ်မြို့မရဲစခန်းတွင် (ပ)၁၆၈/၂၀၂၄၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၉၂/၃၀၂/၃၄ ဖြင့် အမှုဖွင့်လှစ်ကာ တရားခံများဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှ လုယက်မှုကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် ဖန်ပင်ကျေးရွာအုပ်စု ဝမ်ကျောက်လုံကျေးရွာရှိ ဦးဆမ်ကြွက်(စိစစ်ဆဲ)၏ အငှားနေအိမ်လိုင်းခန်းတွင် လုယက်မှုကျူးလွန်သူတရားခံများ ခိုအောင်းရောက်ရှိနေထိုင်လျက်ရှိကြောင်း သတင်းအရ ယင်းနေ့ည ၁၂ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအငှားနေအိမ်လိုင်းခန်းသို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့သည်။

ထိုသို့ဝင်ရောက်ရှာဖွေစဉ် အဆိုပါအငှားနေအိမ်လိုင်းခန်းရှိ အခန်းအမှတ်(၁၀)အတွင်းမှ လုယက်မှုကျူးလွန်ခဲ့သူ တရားခံများက သေနတ်များဖြင့် စတင်ပစ်ခတ်ကာ ထွက်ပြေးရန်ကြိုးစားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံ ပစ်ခတ်ဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သူ တရားခံများဖြစ်ကြသည့် လားရှိုးမြို့နယ် နယ်မြေ(၁၉)၊ ရပ်ကွက်(၁၂)နေ ဖန်လီ(၃၄)နှစ် (ဘ)ဦးဖန်ကျင်းလျှမ်ပါ အမျိုးသားလေးဦးအား အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်နေရာအား အသေးစိတ်စစ်ဆေးရှာဖွေမှုများဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် BWHE 610 Glock အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် နှစ်တောင့်၊ ကျည်အိမ်နှစ်ခု၊ အမေရိကန်နိုင်ငံထုတ် ZEV အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်နှစ်တောင့်၊ ကျည်အိမ်တစ်ခု၊ အသံတိတ်ပြောင်းတစ်ခု၊ အမေရိကန်နိုင်ငံထုတ် SIGSAUER အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ ဩစတြေးလျနိုင်ငံထုတ် TARAN TACTICAL INNOVATION (COMBAT MASTER) အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည်သုံးတောင့်၊ ကျည်အိမ် တစ်ခု၊ အသံတိတ်ပြောင်းတစ်ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ခု၊ ယာဉ်မောင်းလိုင်စင်ကတ်ပြား တစ်ခု၊ SHN-12 1K-7890 ယာဉ်နံပါတ်ပြားတပ်ဆင်ထားသည့် TOYOTA WISH အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် အနက်ရောင်လက်ဆွဲအိတ်အတွင်းထည့်ထားသော လုယက်မှုကျူးလွန်ရာမှရရှိသည့် လက်ကိုင်ဖုန်း ၁၂ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် First Rate Mobile ဖုန်းဆိုင်အတွင်း ဝင်ရောက်ကာ လူသေဆုံးစေသည်အထိ သေနတ်ဖြင့်ပစ်ခတ်၍ လုယက်မှုကျူးလွန်သူ တရားခံလေးဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်တိုအတွင်း သက်သေခံပစ္စည်းများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ First Rate ဖုန်းဆိုင်ကို သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုမှ ဖော်ထုတ်ဖမ်းဆီးရမိသည့် သက်သေခံပစ္စည်းများနှင့် လက်နက်ခဲယမ်းများ။

## နိုင်ငံတကာသတင်း

### ဆိုရှယ်မီဒီယာ X ပေါ်တွင် ပို့စ်တင်ခြင်းကိုရပ်နားမည်ဟု သည်ဂါးဒီးယန်း သတင်းစာကြေညာ

လန်ဒန် နိုဝင်ဘာ ၁၄

ဗြိတိန် သတင်းစာကြီးတစ်စောင်ဖြစ်သည့် သည်ဂါးဒီးယန်းသည် ဆိုရှယ်မီဒီယာပလက်ဖောင်းဖြစ်သည့် Xတွင် အယ်ဒီတာ့အာဘော်အကောင့်များကို လွှင့်တင်တော့မည်မဟုတ်ဟု ပြောကြားခဲ့သည်။

လူသိများ ကျော်ကြားသည့် သည်ဂါးဒီးယန်းသတင်းစာသည် အဆိုပါကြေညာချက်ကို နိုဝင်ဘာ ၁၃ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများသည် ကျွန်ုပ်တို့ ကာလရှည်ကြာ စဉ်းစားနေမှုများကို မီးမောင်းထိုးပြနေသည်။ Xသည် အဆိပ်သင့် မီဒီယာပလက်ဖောင်းဖြစ်ပြီး ပိုင်ရှင်ဖြစ်သူ အီလွန်မက်စ်သည်နိုင်ငံရေး ဟောပြောချက်ကို ပုံဖော်ရန်အတွက် ၎င်း၏ဩဇာကို အသုံးချခဲ့ကြောင်း သည်ဂါးဒီးယန်းသတင်းစာက ပြောသည်။

သတင်းထောက်များသည် သတင်း စုဆောင်းခြင်းဆိုင်ရာ ရည်ရွယ်ချက်ဖြင့် ဝက်ဘ်ဆိုက်ကို ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း အဆိုပါသတင်းစာက ဆက်လက်ပြောကြားထားသည်။




အီလွန်မက်စ် ကလည်း သည်ဂါးဒီးယန်းသတင်းစာသည် ရက်စက်ယုတ်မာသော ဝါဒဖြန့်စက် ဖြစ်သည်ဟု X ပေါ်တွင် ရေးသားခဲ့သည်။ မှားယွင်းသော အချက်အလက်များ ဖြန့်ဝေနေသည့် အကောင့်များကို ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခြင်းကြောင့် ဘရာဇီးနိုင်ငံ၌လည်း X ၏ ဝန်ဆောင်မှုကို ရပ်တန့်ရန် ဘရာဇီးတရားရုံးချုပ်က ယာယီအမိန့်ပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

### တောင်ကိုရီးယားနိုင်ငံတစ်လွှား တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ကျင်းပ

ဆိုးလ် နိုဝင်ဘာ ၁၄

တောင်ကိုရီးယားနိုင်ငံတစ်ဝန်းရှိ ကျောင်းသားများသည် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုနေကြပြီဖြစ်သည်။

ကျောင်းသား ၅၂၀၀၀၀ ခန့်သည် ယခုနှစ် တက္ကသိုလ်ဝင်ခွင့်အတွက် စာမေးပွဲ ဝင်ရောက်ဖြေဆိုကြသည်။ ယခုဖြေဆိုရသည့် စာမေးပွဲသည် ပညာရေးနောက်ခံကို အလွန်အလေးထားသည့် တောင်ကိုရီးယားနိုင်ငံသားများအတွက် ဘဝအပြောင်းအလဲကိုပေးစွမ်းနိုင်သည့် စာမေးပွဲဖြစ်သည်ဟု ယူဆကြသည်။ နိုဝင်ဘာ ၁၄ ရက်တွင် နောက်ကျနေသည့်ကျောင်းသားများကို စာမေးပွဲကျင်းပရာနေရာသို့ ရဲကားများဖြင့် ပို့ဆောင်ပေးခဲ့သည်။ ယင်းမြင်ကွင်းသည် နှစ်စဉ်မြင်ဖူးနေကျ မြင်ကွင်းလည်းဖြစ်သည်။

အင်္ဂလိပ်စာနားထောင်မှုစွမ်းရည် ဖြေဆိုသည့်နေ့တွင် အသံဆူညံမှုများကိုထိန်းချုပ်သည့်အနေဖြင့် လေယာဉ်အတက်အဆင်းလုပ်မှုများကိုကန့်သတ်ထားသည်။ စာမေးပွဲဖြေဆိုကြသည့် ကျောင်းသားများ၏မိသားစုများသည် ဆိုးလ်မြို့ဘုရားကျောင်းတွင် ဆုတောင်းမှုများပြုလုပ်နေကြသည်။

ကျောင်းသားမိဘတစ်ဦးသည် အလုပ်မှခွင့်ယူထားပြီး ၎င်း၏ကလေးသည် စာကြိုးစားထားသည့်အတွက် ယခုစာမေးပွဲကို ကောင်းကောင်းဖြေဆိုနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

### အာဖဂန်နစ္စတန်နိုင်ငံ၌ ခြောက်လအတွင်း စာသင်ကျောင်းပေါင်း ၁၂၅ ကျောင်း တည်ဆောက်

ကဘူးလ် နိုဝင်ဘာ ၁၄

အာဖဂန်နစ္စတန်နိုင်ငံ ပညာရေးဝန်ကြီးဌာနသည် လွန်ခဲ့သည့်ခြောက်လအတွင်း နိုင်ငံတစ်လွှား စာသင်ကျောင်းပေါင်း ၁၂၅ ကျောင်းကို ဆောက်လုပ်ခဲ့သည်ဟု ပညာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အဆိုပါတည်ဆောက်မှုများသည် အမေရိကန်ဒေါ်လာ ၁၈ သန်း နီးပါးကျသင့်ပြီး ချမ်းသာကြွယ်ဝသူများ၊ အကူအညီပေးရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးထောက်ပံ့မှုဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ မန်ဆောအာမက်ဟမ်ဇာက နိုဝင်ဘာ ၁၄ ရက်က ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အစိုးရကျောင်းနှင့် ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်ပညာသင်ကြားနေသူ ကလေးပေါင်း ၁၁ သန်းခန့် ရှိသည်ဟု ၎င်းကဆက်ပြောသည်။

အာဖဂန်အစိုးရသည် မိန်းကလေးငယ်များအား ခြောက်တန်းအထက် အတန်းများကို တက်ရောက်ခွင့်မပေးချေ။

ထို့ပြင် နောက်ထပ်ကြေညာချက်တစ်စုံတစ်ရာ မထုတ်ပြန်မီအချိန်ထိ အမျိုးသမီးများကို တက္ကသိုလ်တက်ရောက်ခွင့်ပိတ်ပင်ထားသည်။

**ဆင်ဟွာ**

## အိုးဘိုထောင်တွင် အကျဉ်းသားများ အရေပြားရောဂါ ခံစားနေရသည်ဟူ၍ မဟုတ်မမှန်လုပ်ကြံသတင်း ရေးသားဖြန့်ဝေ

**နေပြည်တော် နိုဝင်ဘာ ၁၄**

အိုးဘိုထောင်တွင် အကျဉ်းသားများ အရေပြားရောဂါ ခံစားနေရသည်ဟူ၍ RFA Media အမည်ခံ Facebook Page က မဟုတ်မမှန်လုပ်ကြံ သတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ မန္တလေးဗဟိုအကျဉ်းထောင်တွင် အကျဉ်းသားအကျဉ်းသူများအတွက် သုံးရေလုံလောက်စွာရရှိစေရန် အိပ်ဆောင်အလိုက် အဝီစိတွင်းများရှိပြီး ရေကန်များကို အပြည့်ဖြည့်ပေးထားကာ နေ့စဉ် နံနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ် ရေချိုးခွင့်ပေးထားကြောင်း သိရသည်။

ထို့ပြင် သောက်သုံးရေလုံလောက်မှု ရရှိစေရန်အတွက် ရေသန့်စက်မှ ရေသန့်လီတာ ၆၀၀၀ ခန့်ကို ရေသန့်ဘူးကြီးများဖြင့် တစ်ရက်လျှင် နှစ်ကြိမ် အိပ်ဆောင်များသို့ ဖြန့်ဝေပေးလျက်ရှိသည့်အပြင် အိပ်ဆောင်များတွင်လည်း ဂါလန် ၅၀ ဆံ့ ရေလှောင်တိုင်ကီ တစ်လုံးစီ ထားရှိပေးထားကြောင်း၊ မီးမလာပါက အသုံးပြုနိုင်ရန် အိပ်ဆောင်များတွင် ရေမော်တာအတွက် (မီးစက်) နှစ်လုံးစီထားရှိကာ ရေပြတ်လပ်မှုမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အကျဉ်းသား အကျဉ်းသူများထဲမှ သာမန် ပွေး၊ ဝဲ၊ ယားနာရောဂါ ဖြစ်ပွားနေသော အကျဉ်းသား အကျဉ်းသူများအား အကျဉ်းထောင်ဆေးရုံအုပ်က သောက်ဆေး၊ လိမ်းဆေးများဖြင့် အိပ်ဆောင်အလိုက် အနီးကပ် ကြည့်ရှုကုသပေးလျက်ရှိပြီး ပွေး၊ ဝဲ၊ ယားနာရောဂါ မဖြစ်ပွားစေရန်၊ အနံ့အသက်မရှိစေရန် အိပ်ရာခင်းများကို နေထုတ်လှန်းစေခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိပ်ဆောင်၊ အခန်းများ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် RFA Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

ကိုဖြိုး

## ကျိုက်ထီးရိုးတောင်ပေါ်သို့ PDF တပ်ဖွဲ့ဝင်များ ရောက်ရှိသည်ဆိုသည့်သတင်းမှာ သတင်းအမှားသာဖြစ်

**မော်လမြိုင် နိုဝင်ဘာ ၁၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဘုရား ရင်ပြင်တော်ပေါ်သို့ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက PDF များ ဘုရားလာဖူးသည့် ဗီဒီယိုဖိုင် လူမှုကွန်ရက်တွင် ပျံ့နှံ့ခဲ့သည်။

အဆိုပါရုပ်သံဖိုင်တွင် PDF လူငယ်များသည် ယူနီဖောင်းဝတ်ဆင်ထားပြီး လက်နက်အပြည့်အစုံဖြင့် ကျိုက်ထီးရိုးပုံစံတူစေတီတော်အား ဖူးမြော်နေသည်ကို တွေ့ရှိရသည်။ ယင်းသတင်းနှင့် ပတ်သက်၍ ကျိုက်ထီးရိုးဂေါပကအဖွဲ့၏ ပြောကြားချက်အရ ကျိုက်ထိုမြို့နယ် ပေါင်းလောင်းတော်ပေါ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မဟုတ်ဘဲ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ ကျိုက်ထီးရိုးပုံစံတူစေတီသာဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ကျိုက်ထီးရိုးဘုရားဖူးသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း၊ PDF များ ဘုရားဖူးလာရောက်သည်ဆိုသည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း၊ နေ့စဉ်ဘုရားလာဖူးသူများ စိတ်အနှောင့်အယှက်ဖြစ်စေရန် တမင်လုပ်ကြံ သတင်းအတုဖန်တီးခြင်းသာဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၂ရက်တွင် ဘုရားဖူးလာရောက်သူ ၁၈၈၇ ဦး ရှိပြီး ယခုအပတ်တွင် နေ့စဉ် ၂၀၀၀ ဝန်းကျင်ခန့် ဘုရားဖူး လာရောက်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေ ရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အကျဉ်းသူများကို အကြောင်းမဲ့တိုက်ပိတ်ထားသည်ဟု မဟုတ်မမှန်လုပ်ကြံသတင်း ရေးသားဖြန့်ဝေ

**နေပြည်တော် နိုဝင်ဘာ ၁၄**

သာယာဝတီ အကျဉ်းထောင်တွင် အင်းစိန်ထောင်နှင့် အိုးဘိုထောင်မှ ပြောင်းလာသည့် နိုင်ငံရေး အကျဉ်းသူ ၁၅ ဦးခန့်ကို နှစ်နှစ်နီးပါးကြာ အကြောင်းမဲ့ တိုက်ပိတ်ထားသည်ဟု Khit Thit Media အမည်ခံ Facebook Page က နိုဝင်ဘာ ၁၁ ရက်တွင် မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်ကိုစိစစ်ရာ သာယာဝတီဗဟိုအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားအကျဉ်းသူဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အကျဉ်းထောင်တွင် သာယာဝတီခရိုင်အတွင်းမှ ပြစ်ဒဏ်ကျခံသူ အကျဉ်းသား အကျဉ်းသူ နည်းပါးပြီး လူဦးရေကျပ်တည်းသည့် အကျဉ်းထောင်များမှ အကျဉ်းသား အကျဉ်းသူများ၊ အခြားထောင်များမှ စည်းကမ်းပျက် အကျဉ်းသားအကျဉ်းသူများကို လက်ခံထိန်းသိမ်းထားရှိမှုများကြောင်း။

သာယာဝတီ ဗဟိုအကျဉ်းထောင်၏ တိုက်အမှတ်(၅)၌ စည်းကမ်းပျက် ထောင်ပြောင်းလာသည့် အကျဉ်းသူ ခုနစ်ဦးရှိပြီး ကျိုက်မရောဗဟိုထောင်မှ နှစ်ဦး၊ အင်းစိန်ဗဟိုထောင်မှ နှစ်ဦး၊ ဘားအံထောင်မှ တစ်ဦး၊ မန္တလေးဗဟိုအကျဉ်းထောင်မှ တစ်ဦး၊ သာယာဝတီဗဟိုအကျဉ်းထောင်မှ တစ်ဦး ဖြစ်ကြောင်း။

ထို့အတူ တိုက်အမှတ်(၈)၌ စည်းကမ်းပျက် ထောင်ပြောင်းများဖြစ်သည့် မန္တလေးဗဟိုအကျဉ်းထောင်မှ ၁၃ ဦး၊ အင်းစိန်ဗဟိုထောင်မှ နှစ်ဦး၊ ပြည်အကျဉ်းထောင်မှ နှစ်ဦး၊ သာယာဝတီ ဗဟိုအကျဉ်းထောင်မှ တစ်ဦး စုစုပေါင်း အကျဉ်းသူ ၁၈ ဦးရှိကြောင်း၊ ယင်းအကျဉ်းသူများသည် တိုက်ပိတ်ပြစ်ဒဏ် ကျခံနေရခြင်းမရှိဘဲ လုံခြုံရေးအရ သီးခြားခွဲထားသည့် အကျဉ်းသူများသာဖြစ်ပြီး အိပ်ဆောင်ရှိ အကျဉ်းသူများကဲ့သို့ ရပိုင်ခွင့်များ အပြည့်အဝရှိကြောင်း။

တိုက်နှစ်ခုလုံး၏ တာဝန်ခံ ဒုကြီးကြပ်ရေးမှူးသည် ယင်းအကျဉ်းသူများ၏ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များကို အနီးကပ်ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပြီး ယင်းအကျဉ်းသူများသည် အခြားအကျဉ်းသူများနှင့် ရောနှောထားရှိပါက အကျဉ်းထောင်စည်းကမ်းများကို ဖောက်ဖျက်နိုင်သည်ကို စိစစ်တွေ့ရှိရသဖြင့် သီးခြားခွဲ၍ ထိန်းသိမ်းထားရှိခြင်းသာဖြစ်ကြောင်း သိရသည်။

ထို့ပြင် သာယာဝတီဗဟိုအကျဉ်းထောင်သည် လယ်ယာမြေများ၏ အလယ်တွင် တည်ဆောက်ထားသဖြင့် မိုးရာသီတွင် အကျဉ်းထောင်အတွင်းသို့ မြွေများ၊ ကင်းခြေများ၊ ကောင်များ၊ ကင်းမြီးကောက်များ ဝင်ရောက်လေ့ရှိသဖြင့် အမျိုးသားဝန်ထမ်းများက ဝင်ရောက်ရှင်းလင်းရာတွင် အကျဉ်းသူများကို အိပ်ဆောင်(သို့) တိုက်ခန်းများအတွင်းသို့ ဝင်ရောက်စေပြီးမှသာ အမျိုးသားဝန်ထမ်းများအား ဝင်ရောက်ရှင်းလင်းစေသည့်အတွက် အခန်းတွင်း ဝင်ရောက်ရိုက်နှက်အပြစ်ပေးခြင်းများ၊ ကြိမ်းမောင်းဆဲဆိုခြင်းများ မရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံသတင်းဖော်ပြခြင်းသာဖြစ်သည်။

မိုးမိုး

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅ - ၁၁ -၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
